မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်၊ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၂၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

သီရိလင်္ကာနိုင်ငံ သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၄ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာမဟင်ဒါရာဂျာပက်ခ်စာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၄ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာရတနာသီရိဝစ်ခရမ်မာနာရာကာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ယနေ့ခေတ် မော်တော်ယာဉ်များနှင့် မြန်မာနိုင်ငံ၏လမ်းများ (၁၃)

သတင်းဆောင်းပါး ခရမ်းစိုးမြင့်	ဓာတ်ပုံမှတ်တမ်း ဆောက်လုပ်ရေး ဝန်ကြီးဌာန	စာမျက်နှာဖွဲ့စည်းမှု ဝင့်မာသွင် (မြန်မာ့အလင်း)

နေပြည်တော် ဖေဖော်ဝါရီ ၃

စာရေးသူသည် ပြီးခဲ့သည့် စက်တင်ဘာလနှင့် နိုဝင်ဘာလများတွင် သတင်းစာများ၌ **ယနေ့ခေတ် မော်တော်ယာဉ်များနှင့် မြန်မာနိုင်ငံ၏လမ်းများ** ခေါင်းစဉ်ဖြင့် သတင်းဆောင်းပါး အမှတ်(၁)မှ အမှတ်(၁၂) အထိကို ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

အသုံးပြု

ယနေ့ခေတ် မော်တော်ယာဉ်များကို လူမှုရေးနှင့် စီးပွားကူးသန်းရောင်းဝယ်ရေးအတွက် အများဆုံး အသုံးပြုလျက်ရှိပါသည်။ ယခင်ရေးသားခဲ့သည့်အတိုင်း ပုံမှန်အားဖြင့် သယ်ယူပို့ဆောင်ရေးစရိတ်တွင် လမ်းတည်ဆောက်စရိတ် ၁၂ရာခိုင်နှုန်း၊ လမ်းပြုပြင်ထိန်းသိမ်းရေးစရိတ် ၃ရာခိုင်နှုန်းနှင့် ယာဉ်အသုံးပြုမှုစရိတ် ၈၅ရာခိုင်နှုန်း ဟူ၍ရှိရာ လမ်းပြုပြင်ထိန်းသိမ်းရေးစရိတ်သည် အနည်းဆုံးဖြစ်ပါသည်။ *စာမျက်နှာ ၆ ကော်လံ ၁* *

ဝင်ရိုးနှစ်ချောင်းပါ ၁၃ တန်ကား (နောက်ဘီးတာယာနှစ်လုံးတွဲ)၏ ဝင်ရိုးထမ်း အလေးချိန်နှင့် ယာဉ်+ကုန် စုစုပေါင်း အလေးချိန်ပြပုံ



အရပ်ခေါ် (၆)ဘီးကား (ကားလတ်)

ဝင်ရိုးခြောက်ချောင်းပါ ၅၅ တန်ကား (နောက်ဘီးတာယာနှစ်လုံးတွဲ)၏ ဝင်ရိုးထမ်းအလေးချိန်နှင့် ယာဉ်+ကုန် စုစုပေါင်းအလေးချိန်ပြပုံ



အရပ်ခေါ် (၂၂) ဘီးကား

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၄ ရက်)

မြို့ရွာသန့်ရှင်းသာယာလှပရေး ပြည်သူများအသိစိတ်ဓာတ်ရှိရှိ ပါဝင်

ယနေ့အချိန်အခါ နိုင်ငံတော်ကြီးကို နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိရှိ ဝင့်ဝင့်ထည်ထည် ရင်ပေါင်တန်းရပ်တည်နိုင်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်ပြီး ကိုယ်ပိုင် အမျိုးသားရေးစွမ်းပကားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကိုတည်ဆောက်ရာ၌ မြို့ရွာများသန့်ရှင်းသာယာလှပရန် လိုအပ်သည်။ မြို့ရွာသန့်ရှင်းသာယာလှပရေးကို အဓိကကြိုးပမ်းရသူများမှာ ပြည်သူများပင်ဖြစ်ကြသည်။ မြို့ရွာသန့်ရှင်းလှပရန် လိုအပ်သောအခြေခံအချက်သည် စည်းကမ်းရှိရေးဖြစ်သည်။

"စည်းကမ်းသည်လူ၏တန်ဖိုး" ဟူသည့်စကားအရ တစ်ဦးတစ်ယောက်တည်း စည်းကမ်းရှိနေရုံဖြင့် မပြီးဘဲ နိုင်ငံကြီးသားပီသစွာ လူတိုင်းသည် စည်းကမ်းကိုရိုသေလေးစား လိုက်နာကြရန်ဖြစ်သည်။ စည်းကမ်းရှိသောပြည်သူများဖြစ်ရန် ကျင့်ကြံနေထိုင်ကြရမည်ဖြစ်သည်။

သန့်ရှင်းသပ်ရပ်ရေးအတွက် ပြည်သူများသည် လမ်းများပေါ်တွင် စည်းကမ်းမဲ့အမှိုက်ပစ်ခြင်း၊ ကွမ်းတံတွေးများ စည်းကမ်းမဲ့ထွေးခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများတွင် စည်းကမ်းမဲ့ ဈေးရောင်းခြင်းတို့ကို ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ နိုင်ငံတော်က သတ်မှတ်ထားသည့် စည်းကမ်းဥပဒေ၊ နည်းဥပဒေများကိုလိုက်နာဆောင်ရွက်ကြပါက သန့်ရှင်းသာယာလှပသောမြို့ရွာများ ပိုမိုပေါ်ထွန်းလာမည် ဖြစ်သည်။

မြို့ရွာစည်ပင်သာယာရေးအတွက် လမ်းများအစဉ်ကောင်းမွန်ချောမွေ့ခြင်းဖြင့် မော်တော်ယာဉ်များ လွယ်ကူချောမွေ့စွာသွားလာနိုင်ကြမည်ဖြစ်သည်။ မော်တော်ယာဉ်မောင်းနှင်သူများနှင့် ခရီးသွားပြည်သူများသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလိုက်နာပြီး မောင်းနှင်ပါက ယာဉ်တိုက်မှုများလည်း လျော့နည်းကျဆင်းမည်ဖြစ်သည်။

ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများတူးဖော်ခြင်း၊ တိုးချဲ့ခြင်း၊ အမှိုက်ပိတ်ဆို့မှုများကို ဖယ်ရှားခြင်းတို့ ဆောင်ရွက်ပါက ရေဆိုးရေညစ်များကင်းစင်ပြီး ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်နိုင်ကြမည်ဖြစ်သည်။

မြို့ရွာသန့်ရှင်းသာယာရေးအတွက် စိမ်းလန်းစိုပြည်နေသော ပတ်ဝန်းကျင်ဖြစ်ရန် အရိပ်ရပင်များ စိုက်ပျိုးခြင်း၊ ပန်းဥယျာဉ်၊ ပန်းခြံများကို ပြုပြင်တည်ဆောက်မွမ်းမံခြင်း၊ မြေအလှပြုပြင်ခြင်းဖြင့် စိမ်းလန်းစိုပြည်သောပတ်ဝန်းကျင်နှင့် ထိတွေ့ခံစားရမည်ဖြစ်သည်။

မျက်မှောက်ကာလ သိပ္ပံနှင့် နည်းပညာများ တစ်ရှိန်ထိုး တိုးတက်ပြောင်းလဲမှုများ ဖွံ့ဖြိုးမှုနယ်ပယ်တွင် အခြေခံလိုအပ်ချက်များကို နိုင်ငံတော်က ဖြည့်ဆည်းပေးလျက်ရှိသည်။ ပြည်သူများက စည်းကမ်းရှိသောပြည်သူများအဖြစ် ကျင့်ကြံလုပ်ဆောင်ကြမှသာလျှင် မြို့ရွာသာယာလှပနေမည်ဖြစ်သည်။ ပြည်သူများ အသိစိတ်ဓာတ်ရှိရှိ ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတကာနှင့်အမီ ရင်ပေါင်တန်းနိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၄-၂-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနှားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၄:၄၅ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၅:၃၀ ၇။ မွေးမြူသုတ
- ၅:၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၁။ လျှပ်တစ်ပြက်
- ၆:၂၅ ၁၂။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** (အပိုင်း-၁၀)
- ၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူမေတ္တာ** (အပိုင်း-၁၇)
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ရှေးဟောင်းသုတ
- ၁၉။ အနုပညာရှင်၏တစ်နေ့တာ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရဏ်ဦးအချစ်** (အပိုင်း-၂၈)

စစ်ကိုင်းတိုင်း မော်လိုက်ခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ
တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး ဖြည့်ဆည်းဆောင်ရွက်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၃

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၁ရက်က စစ်ကိုင်းတိုင်း မော်လိုက်ခရိုင် မော်လိုက်မြို့ မြို့မ(၁)ရပ်ကွက်၌ကျင်းပသော ကမ်းနားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ မြို့ဖများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြသည်။ အစီအစဉ်အရ လမ်းဖောက်လုပ်ရေးတာဝန်ခံက ကတ္တရာလမ်းသစ်နှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ကတ္တရာလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် လမ်းဖွင့်ပွဲအမှတ်တရ ဓာတ်ပုံရိုက်ကူးကြပြီး ကတ္တရာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။၄င်းကတ္တရာလမ်းသစ်သည် အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ပေရှိပြီး စုစုပေါင်း တန်ဖိုးငွေကျပ် ၅၅သိန်းကျော် ကုန်ကျခံ ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီး တိုင်းမှူးနှင့်အဖွဲ့သည် မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် မော်လိုက်ခရိုင်နှင့် မြို့နယ်များရှိ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးတင်ပြချက်များကို တိုင်းမှူးက ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ဖြည့်ဆည်းပေး

၄င်းမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် မော်လိုက်-ကလေးဝလမ်းအရှည် (၃၆/၀) မိုင်ရှိလမ်းပိုင်းအခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး လမ်းတစ်လျှောက်ရှိ ချောင်းချောင်းတံတား၊ ပညာချောင်းတံတား၊ မုန်ယာလေးချောင်းတံတားတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ် (၂၀/၀) မိုင်ရှိ လမ်းလုပ်ငန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြပြီး တာဝန်ခံအရာရှိက ကလေးဝ- မော်လိုက် လမ်းရှိ လမ်းတံတားလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို ဖြည့်ဆည်း ပေးခဲ့သည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် အရှည်(၁၁၅/ ၀)မိုင်ရှိ မုံရွာ-ယာကြီး-ကလေးဝလမ်း လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးရာ မိုင်တိုင်အမှတ် (၁၀၈/၄)မိုင်တွင် စက်ယန္တရားများဖြင့် လမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။ ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် မင်းကင်းမြို့နယ် ကြာပင်တိုက်နယ်ဆေးရုံနှင့် အထက်တန်းကျောင်းခွဲတို့ကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့သည်။ ထိုမှတစ်ဆင့် တိုင်းမှူးသည် ရန်လင်းဌေး စပါးခွဲဓာတ်ငွေ့သုံး ဆန်စက်နှင့်ဆီစက်သို့ ရောက်ရှိရာ တာဝန်ရှိသူကစက်တပ်ဆင်လည်ပတ်အသုံးပြုနေမှုများကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၁) အလုံ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၃

အလုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားပို့ချပေးခဲ့ကြသည့် အသက် ၅၅နှစ်အထက်၊ လုပ်သက် ၂၅နှစ်ပြည့် ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ဆဋ္ဌမအကြိမ် ပူဇော်ပွဲအခမ်းအနားကို မတ် ၂၇ရက်(စနေနေ့) နံနက် ၁၀နာရီခွဲတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများ တက်ရောက်ချီးမြှင့်ကြရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

မြတ်ဆရာပူဇော်ပွဲ အစည်းအဝေးကို မတ်၂ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဆရာမ ဒေါ်မြင့်မြင့်စိန်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသန်း ဖုန်း-၂၂၀၅၉၈၊ ဒေါက်တာ လွင်လွင်ဦးလှိုင်၊ ဦးမြင့်အောင်၊ ကိုအောင်ကျော်သန်း ဖုန်း-၀၉-၅၀-၀၆၇၁၁၊ မသီတာထွေး၊ စောထီးဆက်တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်နှင့်အဖွဲ့ ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးသော ဆေးရိုးတန်းလမ်း ကျန်အပိုင်း ထပ်ပိုး ကတ္တရာခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဟန်ရှိန်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်စိုးနိုင်တို့က ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

ဇေယျာသီရိ၌ စာပေဟောပြောပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

နေပြည်တော် ပျဉ်းမနားခရိုင် ဇေယျာသီရိမြို့ နန်းသြကျေးရွာတွင် ဇန်နဝါရီ ၃၁ရက် ည ၇နာရီက စာပေဟောပြောပွဲ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်း (သန်းထွန်း-ပြန်/ဆက်)က အဖေ့ချွေးဖိုး ဆပ်ဖို့ရာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)က ရည်မှန်းချက်ရှိရမည်ဟူသော ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြပြီး အခမ်းအနားသို့ နန်းသြကျေးရွာမှ ကျေးရွာသူကျေးရွာသားများ တက်ရောက်ကြသည်။

(မြို့နယ်ပြန်/ဆက်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ ဆဌမအကြိမ် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဖလား အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဖလားဘော်လီဘောပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် ဇန်နဝါရီ ၃၀ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ရှိ အောင်ဆန်းသူရိယလှသောင်း အားကစားကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည့် ဆဌမအကြိမ် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဖလား အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို စတင်ဖွင့်လှစ်ကြောင်း ကြေညာပြီး ဘော်လီဘောအသင်းများ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲတွင် အမျိုးသားဘော်လီဘောအသင်း ၁၅သင်းနှင့် အမျိုးသမီးဘော်လီဘောအသင်း ကိုးသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒေးဒရဲမြို့နယ် အကယ်ချောင်းဝကျေးရွာ ကျေးရွာအလယ်တန်း ကျောင်းဆောင်သစ်ဖွင့်ပွဲ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၃

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် သံဒိဇီးဖြူကုန်းကျေးရွာအုပ်စု အကယ်ချောင်းဝ ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၁ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်၍ ဧရာဝတီတိုင်း လက်ထောက်ပညာရေးမှူး၊ ခရိုင်ဥက္ကဋ္ဌတို့နှင့် အတူ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ အမရာဖောင်ဒေးရှင်းအဖွဲ့ ခေါင်းဆောင်က ကျောင်းဆောင်သစ်တည်ဆောက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဖျာပုံခရိုင် ဥက္ကဋ္ဌနှင့် ဧရာဝတီတိုင်း လက်ထောက်ပညာရေးမှူးတို့က အမှာစကား ပြောကြားကြသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ ဒေသခံ ရပ်မိရပ်ဖ တစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အမရာဖောင်ဒေးရှင်းအဖွဲ့ ခေါင်းဆောင်က ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဝန်ကြီးက အမရာဖောင်ဒေးရှင်းအဖွဲ့ခေါင်းဆောင်ထံ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး စာသင်ဆောင်လည်းဖြစ်၊ မုန်တိုင်းခိုရာ အဆောက်အအုံလည်းဖြစ်သော အဆောက်အအုံကို ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

တည်ဆောက်လှူဒါန်း

အဆိုပါကျောင်းဆောင်သည် အနားတစ်ဖက် ပေ၆၀အကျယ် အဋ္ဌဂံပုံ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး လူမှုရေးအသင်းအဖွဲ့ဖြစ်သည့် အမရာဖောင်ဒေးရှင်းက ဒေသမှရရှိသည့် အုတ်၊ ဝါး၊ ကြိမ်၊ ကောက်ရိုးနှင့် ဘိလပ်မြေတို့ကို အချိုးကျအသုံးပြုကာ စာသင်ခန်း ၁၀ခန်းပါ သဘာဝဘေးဒဏ်ခံ အဆောက်အအုံအဖြစ် တည်ဆောက် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ ညွှန်ကြားရေးမှူး ဦးတင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်မောင်မြင့်သည် ဇန်နဝါရီ ၁၃ရက်မှ ၁၈ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ(လားရှိုး၊ ကွမ်းလုံ၊ တန့်ယန်း)၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(လောက်ကိုင်)နှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(လားရှိုး)တို့သို့ သွားရောက်၍ ကျောင်းများ၏ အုပ်ချုပ်မှုကိစ္စရပ်များ၊ ကျောင်းသား ကျောင်းသူများ၏ ပညာရည်တိုးတက်မှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ အိပ်ဆောင်ခင်းကျင်းမှု၊ စားရိပ်သာ ချက်ပြုတ်ကျွေးမွေးမှု၊ ကျောင်းများအလိုက် ရာသီသီးနှံစိုက်ခင်း၊ နှစ်ရှည်စိုက်ခင်းများ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(လောက်ကိုင်)တွင် ဖွင့်လှစ်လျက်ရှိသည့် လက်သမား၊ ပန်းရန်၊ သံချည်သံကွေးသင်တန်း၊ လျှပ်စစ်နှင့်ဂဟေ၊ စက်ပြင်သင်တန်းအမှတ်စဉ်(၇)၌ တက်ရောက်လျက်ရှိသည့် လက်သမား၊ ပန်းရန်၊ သံချည်သံကွေးသင်တန်းသားများ၏ လက်တွေ့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ) (သတင်းစဉ်)

အမှတ်(၂)စက်မှုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းအား ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံး ဒုတိယဝန်ကြီးတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၃

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံး ဒုတိယဝန်ကြီး H.E. Mr.Park Young June ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂ရက် မွန်းလွဲ ၁နာရီက နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ညှိနှိုင်းခန်း၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် မောင်တောမြို့ သန့်ရှင်းသာယာရေးအတွက် နေ့စဉ်သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးအောင်ကျော်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်ခရီးသွားဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၃

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ရန်ကုန်တိုင်းသည် ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၃)၊ အမှတ် (၂)ကို ဇန်နဝါရီ ၂၈ရက်က ထုတ်ဝေဖြန့်ချိလိုက်သည်။

ယခုထုတ်ဝေလိုက်သော ရန်ကုန်ခရီးသွားဂျာနယ်တွင် မြင်းမူ မောင်နိုင်မိုး၊ မင်းသုဝဏ်၊ တောင်စွန်းလွမ်းသောင်း၊ မောင်သွေးသစ်တို့၏ ကဗျာများ၊ ခင်မြန်မာ၊ သုနန္ဒာအောင်တို့၏ ကလေးလူငယ်ကဏ္ဍ၊ ဓမ္မာစရိယ ဦးခင်မောင်၊ တက္ကသိုလ်တင်ခ၊ အရှင်ပါမောက္ခ (ကြို့ပင်ကောက်)၊ ချစ်စံဝင်း၊ ဦးငွေသိမ်း(ကုမ္ပဏီလမ်းညွှန်)၊ ဝမ်းနိုင်းနိုင်း၊ ဒေါက်တာ ဒေါ်စိုးသူ၊ မောင်မြင့်ကြွယ်၊ အောင်စည်ဟိန်း၊ ဒေါက်တာ နေလင်း၊ အောင်ချိန်ဘွား၊ ရွှေကျွန်းခိုင်သစ်၊ ဒေါက်တာငွေစိုး၊ မောင်မြတ်မွန်(ဆူးလေ)၊ ဒေါ်အုန်းကြည်(ဘီအေဘီအယ်လ်)၊ အောက်ဆီဂျင်၊ မောင်ဝဏ္ဏ၊ သဉ္ဇာအောင်၊ ကိုမူကြို၊ သောင်းထိုက်တို့၏ ရသစုံ၊ ကဏ္ဍစုံ၊ လက်ရာစုံများအပြင် ရန်ကုန်ခရီးသွားဂျာနယ် ဟာသကဏ္ဍ၊ နိုင်ငံတကာသတင်း၊ ကျန်းမာရေးကဏ္ဍနှင့် ပါရမီရှင်၏ တစ်လအတွင်း သင်သိစရာကဏ္ဍများ ဖော်ပြပါရှိသည်။

ရန်ကုန်ခရီးသွားဂျာနယ် ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများနှင့် ဂိတ်များ၌ ရနိုင်ပြီး စာမူနှင့်ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ် ၄၇၄ သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

သံတွဲခရိုင်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၃

သံတွဲခရိုင်အသင်း(ဂွ+တောင်ကုတ်+သံတွဲ)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၈ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသား အသင်းသူ၊ ခရိုင်သူ ခရိုင်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

ဆုလက်ခံယူ

သက်ကြီးပူဇော်ကန်တော့ခံရန်အတွက် အသက် (၇၅)နှစ်နှင့်အထက် အသင်းဝင် သက်ကြီးများသည် မှတ်ပုံတင်မိတ္တူဖြင့်လည်းကောင်း၊ ပညာရည်ချွန်ဆုအတွက် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီး ကျောင်းသား ကျောင်းသူများသည် အမှတ်စာရင်း မိတ္တူနှင့် ကျောင်းထောက်ခံချက်ပူးတွဲ၍လည်းကောင်း ဖေဖော်ဝါရီ ၂၁ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးကျော်ရင် ဖုန်း-၃၇၆၈၄၈၊ ၀၉-၅၁-၂၆၄၈၉၊ ဒုတိယဥက္ကဋ္ဌ ဦးမြမောင် ဖုန်း-၆၄၃၆၂၀၊ ၀၉-၅၁-၂၁၅၂၁၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ကြည်မြင့် ဖုန်း-၆၉၉၉၈၇၊၀၉-၅၁-၃၆၄၀၁၊ အတွင်းရေးမှူး(၂) ဦးမောင်မောင်သိန်းဖေ ဖုန်း-၀၉-၅၁-၁၂၃၀၇၊ အတွင်းရေးမှူး(၃) ဦးထင်ကျော်လင်း ဖုန်း-၅၁၆၆၅၆၊ စာရင်းစစ် ဦးမြင့်ဆွေ ဖုန်း-၅၄၈၈၉၂နှင့် နီးစပ်ရာအမှုဆောင်များထံ ဆက်သွယ်စာရင်းပေးသွင်းကြပါရန်နှင့် ဆုပေးပွဲအခမ်းအနား၌ ဆုရကျောင်းသားများကိုယ်တိုင် တက်ရောက်၍ ဆုလက်ခံယူကြပါရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စံ(၅)ချက်နှင့် ပြည့်စုံသော ကျေးရွာစာကြည့်တိုက်များ စဉ့်ကိုင်၌ ဒုတိယအကြိမ် စာအုပ်စာစောင်လှူဒါန်း

စဉ့်ကိုင် ဖေဖော်ဝါရီ ၃

ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးစီးပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စဉ့်ကိုင်မြို့နယ်အတွင်းရှိ စံ(၅)ချက်နှင့် ပြည့်စုံသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဆုချီးမြှင့်ပွဲနှင့် ဒုတိယအကြိမ်စာအုပ်စာစောင်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ရက် မွန်းလွဲ ၁နာရီက ရွှေလူခန်းမ၌ ကျင်းပသည်။

ဆုရွေးချယ်

အခမ်းအနားတွင် ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ထွေးက ဆုချီးမြှင့်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ဆုရွေးချယ်ပုံအကြောင်းကို ရှင်းလင်းသည်။

ဆုချီးမြှင့်

ဆက်လက်၍ ဆုချီးမြှင့်ပွဲ ကျင်းပရာ ပထမဆုရ ညောင်ပင်သာကျေးရွာ အေးချမ်းသာ စာကြည့်တိုက်ကို ကျပ် ၈၉၀၀၀တန်ဖိုးရှိ CHANGHONG(၂၁)လက်မ တီဗွီတစ်လုံး၊ ဒုတိယဆုရ ကျွန်းဦးကျေးရွာ မဟာမြကျွန်းသာစာကြည့်တိုက်ကို ကျပ် ၆၀၀၀၀တန်ဖိုးရှိ T-HOME(၁၄)လက်မ တီဗွီတစ်လုံး၊ တတိယဆုရ ရှမ်းကန်ကျေးရွာ ပညာရွာစာကြည့်တိုက်ကို ZEG (EVD)တစ်လုံးကို ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးစိုးဝင်း**(အောက်ပုံ)**က ဆုချီးမြှင့်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဇော်က အကောင်းဆုံး စွမ်းဆောင်ခဲ့ကြသော စာကြည့်တိုက်မှူး ၁၀ဦးအား အမှတ်တရပုဆိုးများ လက်ဆောင်ပေးအပ်သည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးက နှစ်သိမ့်ဆုရရှိကြသော ကျေးရွာစာကြည့်တိုက်များကို စာအုပ်စာစောင်များ ဆုချီးမြှင့်ပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင် အလှူရှင်တို့က ပေးအပ်လှူဒါန်းသော စာအုပ်စာစောင်များကို မြို့နယ်ဦးစီးမှူးနှင့်အတူ လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

အရန်သားဖွားဆရာမ သင်တန်းဖွင့်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၃

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်း မြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားဆရာမ သင်တန်းအမှတ်စဉ် ၁/၂၀၁၀ ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁ရက် နံနက် ၁၀နာရီက မော်လမြိုင်ကျွန်းမြို့ လူထုကျန်းမာရေးစောင့်ရှောက်မှု သင်တန်းခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးအောင်ကျော်ခိုင်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး ခုတင် (၁၀၀)ဆံ့ ဆေးရုံအုပ် ဒေါက်တာမျိုးသန့်က ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွင် အရေးပါသော အရန်သားဖွားဆရာမသင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်တန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ သင်တန်းသို့ မြို့နယ်အတွင်းရှိ အရန်သားဖွားဆရာမ သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်လ ကြာမြင့်မည်ဖြစ်သည်။ (၁၄၂)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်
အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၃

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဖေဖော်ဝါရီ ၃ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၀၂၀၅ဦး ရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၄၄၀၂ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၀၂၀၅ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၄၄၀၂ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်
အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် ဖေဖော်ဝါရီ ၃

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဖေဖော်ဝါရီ ၃ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၅၅၆ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၈၃၃၆ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၅၅၆ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၈၃၃၆ ဦး

(အင်တာနက်)

အီရတ် - အာဖဂန်သတင်းများ

အာဖဂန်၌ အသေခံဗုံးခွဲသမားနှစ်ဦး ရဲဌာနချုပ် ဝင်ရောက်စီးနင်း

ကဘူးလ် ဖေဖော်ဝါရီ ၃

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဇာဘူးလ်ပြည်နယ်မြို့တော်ကာလတ်ရှိ ရဲဌာနချုပ်အတွင်းသို့ ဖေဖော်ဝါရီ ၁ရက်က အသေခံဗုံးခွဲသမားနှစ်ဦး ကျူးကျော်ဝင်ရောက်လာသဖြင့် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားပြီး အသေခံဗုံးခွဲသမားတစ်ဦးမှာလည်း သေဆုံးသွားကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ထွက်ပြေးလွတ်မြောက်

ပစ်ခတ်မှုများဖြစ်ပွားစဉ် အသေခံဗုံးခွဲသမားတစ်ဦး ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း၊ ၎င်းအားသက်ဆိုင်ရာက ဆက်လက်ရှာဖွေနေကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်နိုင်ငံ ဘာဒစ်ပြည်နယ်၌ ကားဗုံးဖောက်ခွဲမှုဖြစ်ပွားပြီးနောက် ပေါက်ကွဲမီးလောင်နေသည်ကို ဖေဖော်ဝါရီ ၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမျိုးသမီးတစ်ဦး အသေခံဗုံးခွဲတိုက်ခိုက်မှု ဘဂ္ဂဒက်၌ ၅၄ဦးသေဆုံး၊ ၁၁၇ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဖေဖော်ဝါရီ ၁ရက်က ရှီးယိုက်တို့ ဝတ်ပြုဆုတောင်းစဉ်အတွင်း အမျိုးသမီးအသေခံဗုံးခွဲသမားတစ်ဦးက ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ၅၄ဦးထက်မနည်း သေဆုံးသွားခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

ယင်းဗုံးခွဲတိုက်ခိုက်မှုမှာ ယခုနှစ်အတွင်း ရှီးယိုက်ဝတ်ပြုဆုတောင်းသူများအား ပထမဆုံးအကြိမ် အဓိကပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်သည်။ အကြမ်းဖက်သမားများအနေဖြင့် ဗုံးခွဲတိုက်ခိုက်မှုများ၌ နည်းဗျူဟာသစ်များ အသုံးပြုကာ တိုးမြှင့်တိုက်ခိုက်လာမည်ကို အီရတ်လုံခြုံရေးအရာရှိများက စိုးရိမ်နေကြသည်။

အသေခံဗုံးခွဲသူ အမျိုးသမီးမှာ အင်္ကျီအတွင်း ဖောက်ခွဲရေးပစ္စည်းများ သိုဝှက်၍ ယူဆောင်လာကာ အခြားဝတ်ပြုဆုတောင်းသူများနှင့် ရောနှောနေစဉ် အမျိုးသမီး လုံခြုံရေးတပ်ဖွဲ့ဝင်များ ရှာဖွေစစ်ဆေးချိန်၌ အသေခံဗုံးခွဲတိုက်ခိုက်လိုက်ခြင်းဖြစ်ကြောင်း ဘဂ္ဂဒက် ထိပ်တန်းစစ်ဘက် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ယင်းဖြစ်ပွားမှုတွင် အမျိုးသမီး ၁၈ဦးနှင့် ကလေးငယ် ၁၂ဦး အပါအဝင် ၅၄ဦး သေဆုံးခဲ့ကြောင်း၊ ဒဏ်ရာရရှိသူ ၁၁၇ဦးရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

ဆေးကုသမှုခံယူ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးဒေသ၌ အသေခံဗုံးခွဲတိုက်ခိုက်မှုအတွင်း ဒဏ်ရာရရှိသူတစ်ဦး ဆေးကုသမှုခံယူနေသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်၌သေဆုံးသည့် ဗြိတိသျှ တပ်ဖွဲ့ဝင် ၂၅၃ ဦးရှိသွားပြီဖြစ်

လန်ဒန် ဖေဖော်ဝါရီ ၃

အာဖဂန်နစ္စတန်နိုင်ငံ၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးသွားကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁ရက်တွင် ကြေညာသည်။

အဆိုပါ တပ်ဖွဲ့ဝင်နှစ်ဦးမှာ ယော့ရှိုင်းယားတပ်မဟာ တပ်ရင်း(၃)မှဖြစ်ပြီး ဟယ်လ်မန်ပြည်နယ် မာလ်ဂါအနီးတွင် ဖေဖော်ဝါရီ ၁ရက် နံနက်ပိုင်းက ကင်းလှည့်စဉ် လမ်းဘေးဗုံးပေါက်ကွဲထိမှန် သေဆုံးရခြင်းဖြစ်သည်။

အဆိုပါ တပ်ဖွဲ့ဝင်နှစ်ဦးနှင့်ဆိုလျှင် အာဖဂန်နစ္စတန်နိုင်ငံ၌ ၂၀၀၁ခုနှစ်မှစ၍ ကျူးကျော်တိုက်ခိုက်သည့်အချိန် နောက်ပိုင်း သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေမှာ ၂၅၃ဦးရှိသွားပြီဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

တာလီဘန်တို့အား ပါကစ္စတန်တပ်ဖွဲ့တိုက်ခိုက် တာလီဘန် ၁၅ဦးသေဆုံးဟု ပြောကြား

ပက်ရှ်ဝါ ဖေဖော်ဝါရီ ၃

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ စစ်စခန်းတစ်ခုနှင့်ယာဉ်တန်းကို စစ်သွေးကြွများတိုက်ခိုက်ခဲ့သဖြင့် ပါကစ္စတန်တပ်ဖွဲ့ဝင်များက လက်နက်အပြည့်တပ်ဆင်ထားသော စစ်ဘက်ရဟတ်ယာဉ်များ၏အကူအညီဖြင့် တာလီဘန်တို့အား ပြန်လည်တိုက်ခိုက်ရာတွင် တာလီဘန် ၁၅ဦး သေဆုံးသွားကြောင်း ပါကစ္စတန်အရာရှိတစ်ဦးက ဖေဖော်ဝါရီ၁ရက်၌ ပြောကြားသည်။

ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အာဖဂန်နစ္စတန်နယ်စပ်ရှိ ပထန်လူမျိုးစုများနေထိုင်ရာ ဘာဂျာဒေသတွင်တိုက်ခိုက်လျက်ရှိသော ပါကစ္စတန်တာလီဘန်စစ်သွေးကြွများကိုနှိမ်နင်းရန်ကြိုးပမ်းမှု၏ တစ်စိတ်တစ်ဒေသအဖြစ် ယင်းဒေသရှိ အယ်လ်ခိုင်ဒါနှင့်ဆက်နွှယ်နေသည့် စစ်သွေးကြွများအား မကြာသေးမီရက်များကစ၍ အပြင်းအထန် ထိုးစစ်ဆင် တိုက်ခိုက်လျက်ရှိသည်။

နောက်ဆုံးတိုက်ပွဲသည် စစ်သွေးကြွတို့ ခြေကုပ်ယူထားသော ဝါရာမာမွန်းတွင် ဇန်နဝါရီ ၃၁ရက် မွန်းလွဲပိုင်းက စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ညသန်းခေါင်ယံအထိ ကြာမြင့်ခဲ့သည်ဟု ဒေသန္တရအုပ်ချုပ်ရေးအရာရှိ ဘာဂျာအဇ္ဗဒူမာလစ်က ရိုက်တာသတင်းဌာနကို ပြောကြားသည်။

တာလီဘန်တို့က မိမိတို့စစ်ဆေးရေးစခန်းနှင့် ယာဉ်တန်းကို ဦးစွာတိုက်ခိုက်ခဲ့ရာမှ မိမိတို့က မြေပြင်နှင့်ဝေဟင်တို့မှနေ၍ ပြန်လည်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအရာရှိက ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အာဖဂန်တပ်ဖွဲ့ကို လေ့ကျင့်ပေးရန် နေတိုးတပ်ဖွဲ့ဝင်များ ပိုမိုလိုအပ်နေ

ကဘူးလ် ဖေဖော်ဝါရီ ၃

နေတိုးအနေဖြင့် တာလီဘန်နှိမ်နင်းရေးအတွက် အာဖဂန်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးရန် အဖွဲ့ဝင်နိုင်ငံများမှ တပ်ဖွဲ့ဝင်များစေလွှတ်ပေးရေး ပိုမိုလိုအပ်လျက်ရှိသည်ဟု နေတိုးအဖွဲ့ကပြောကြားသည်။

ထုတ်ဖော်ပြောကြား

ဩဂုတ်လအတွင်း၌ အာဖဂန်နစ္စတန်တွင် တပ်ဖွဲ့ဝင်၄၀၀၀၀ကို တပ်ဖြန့်ချထားရန်စီစဉ်ထားပြီး ၎င်းတို့ကိုလေ့ကျင့်ရေးအဖွဲ့၌ တာဝန်ထမ်းဆောင်စေမည်ဖြစ်သည်ဟု နေတိုးအတွင်းရေးမှူးချုပ် အန်ဒရက်စ်ဖို့ဂ်ရာမူဆန်က ဇန်နဝါရီ ၃၁ရက်၌ သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားသည်။

ပိုမိုလိုအပ်

နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့သည် လာမည့်ငါးနှစ်အတွင်း၌ အာဖဂန်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးရန်အတွက် တပ်ဖွဲ့ဝင်များပိုမိုလိုအပ်လာဖွယ်ရှိပြီး တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ကျင်းပမည့် ဆွေးနွေးပွဲတွင် အဆိုပါကိစ္စရပ်ကိုတင်ပြရန် စီစဉ်ထားကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသည်။ (အင်တာနက်)

ဒဏ်ရာရရှိ

ပါကစ္စတန်နိုင်ငံ ဖရွန်တီယာပြည်နယ် ဘာဂျာမြို့၌ အသေခံကားဗုံးဖောက်ခွဲမှုအတွင်း ဒဏ်ရာရရှိသွားသူတစ်ဦးကို ဖေဖော်ဝါရီ ၃ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်၌ စပိန်တင့်ကား မြေမြှုပ်မိုင်းနင်းမိ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

မက်ဒရစ် ဖေဖော်ဝါရီ ၃

အာဖဂန်နစ္စတန်အနောက်မြောက်ပိုင်း၌ စပိန်တပ်ဖွဲ့ဝင်များလိုက်ပါလာသော တင့်ကားတစ်စီး မြေမြှုပ်မိုင်း နင်းမိသဖြင့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားခြောက်ဦးဒဏ်ရာရရှိကြောင်း စပိန်ကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁ရက်တွင် အတည်ပြုပြောကြားသည်။

တိုက်ခိုက်

ယင်းသို့ မြေမြှုပ်မိုင်း နင်းမိပြီးနောက် အနီးအနား၌ ပုန်းအောင်းနေသည့် တာလီဘန်ပြောက်ကျားများနှင့် စပိန်တပ်ဖွဲ့ဝင်များ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တာလီဘန်သုံးဦးသေဆုံးခဲ့သည်ဟု ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရန်၌ ရေနံချက်စက်ရုံသစ်များ တည်ဆောက်မည်

တီဟီရန် ဖေဖော်ဝါရီ ၃

အီရန်နိုင်ငံ၌ ပြည်ပရေနံထုတ်လုပ်ရေးလုပ်ငန်းများ၏ ပိတ်ဆို့ဟန့်တားခံရမှုများ ကာကွယ်ရန်အတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့စက်ရုံသစ် ခုနစ်ရုံ တည်ဆောက်ရန် စီမံကိန်းချမှတ်လျက်ရှိသည်။

ဖြည့်ဆည်းပေး

ဤရေနံနှင့် သဘာဝဓာတ်ငွေ့စက်ရုံသစ်များကြောင့် အီရန်နိုင်ငံ၏ စွမ်းအင်ဆိုင်ရာ ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်ရုံသာမက သဘာဝဓာတ်ငွေ့များ ပြည်ပသို့တင်ပို့နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

အီရန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ရေနံသိုက်များကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံအဖြစ်သိရှိကြသော်လည်း ရေနံထွက်ပစ္စည်းများ ထုတ်လုပ်ရေးအတွက် ရေနံချက်စက်ရုံများ လိုအပ်နေဆဲဖြစ်သည်။ (အင်တာနက်)

သတင်းနှင့်ဆက်သွယ်ရေးနည်းပညာကဏ္ဍ တရုတ်လာရောက်ရင်းနှီးမြှုပ်နှံမှု အီဂျစ်ကြိုဆို

ကိုင်ရို ဖေဖော်ဝါရီ ၃

သတင်းနှင့်ဆက်သွယ်ရေးနည်းပညာကဏ္ဍတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများအပေါ် အီဂျစ်နိုင်ငံက ဝမ်းမြောက်စွာကြိုဆိုကြောင်း အီဂျစ်သတင်းနှင့်ဆက်သွယ်ရေးနည်းပညာဝန်ကြီးဌာန ဝန်ကြီး တာရက်ကမဲက ဆင်ဟွာသတင်းဌာန တွေ့ဆုံမေးမြန်းခန်းတစ်ရပ်၌ ပြောကြားသည်။

ပြောကြား

အီဂျစ်နိုင်ငံအတွင်း တရုတ်ကုမ္ပဏီများစွာ လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း၊ တရုတ်ကုမ္ပဏီများအနေဖြင့် မိမိတို့၏ အခြေခံ အဆောက်အအုံများ တည်ဆောက်မှု၌ ကူညီပေးရုံသာမက ဂျီအက်စ်အမ်လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ဒေသတွင်း စင်တာတစ်ခုကို တည်ထောင်ပေးခဲ့ကြောင်း၊ ထို့ပြင် နည်းပညာထောက်ပံ့မှုများကို ပြုလုပ်ပေးခဲ့ကြောင်း ဝန်ကြီး တာရက်ကမဲက (၁၄)ကြိမ်မြောက် အာဖရိကသမဂ္ဂ ညီလာခံရပ်နားချိန်၌ ဆင်ဟွာသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရထားလမ်း ဗုံးပေါက်ကွဲ

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ရထားလမ်း ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ရှင်းလင်းရေး ဆောင်ရွက်နေသည်ကို ဖေဖော်ဝါရီ ၃ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်အရှေ့ပိုင်း ပိုကျို့မြို့၌ ကျင်းပသော ကျားနှစ်အတွက် ကြိုဆိုပွဲပါတီ၌ ကျားဝတ်စုံများနှင့် ကလေးငယ်များကို ဖေဖော်ဝါရီ ၂ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အကြမ်းဖက်သမားများ လက်နက်ကြီးဖြင့်ပစ်ခတ်မှု မိုဂါဒစ်ရှူး၌ အရပ်သား ၁၆ဦးသေဆုံး

မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၃

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့၌ ဖေဖော်ဝါရီ ၁ရက်က အကြမ်းဖက်သမားများ၏ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သား ၁၆ဦးသေဆုံးပြီး ၇၀ကျော် ဒဏ်ရာရရှိကြောင်း အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။

အဆက်မပြတ်

မိုဂါဒစ်ရှူးမြို့မြောက်ပိုင်း ဆူရာဟိုလာဟာဒေသ၌ ယင်းနေ့က ဗုံးပေါက်ကွဲမှုများ အဆက်မပြတ်ဖြစ်ပွားခဲ့ပြီး ၎င်းမြို့ရှိ ခရိုင်လေးခရိုင်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးဆိုင်ရာအဖွဲ့မှ ရိုက်တာသို့ ပြောကြားသည်။

၂၀၀၇ခုနှစ်မှစတင်ကာ ဆိုမာလီနိုင်ငံ၌ဖြစ်ပွားသောတိုက်ပွဲများအတွင်း လူပေါင်း ၂၁၀၀၀ခန့် သေဆုံးခဲ့ရပြီး ပြည်သူ၁ဒသမ ၅သန်းမှာ အိုးအိမ်စွန့်ခွာ ထွက်ပြေးကြရသည်။

ဆန့်ကျင်တိုက်ခိုက်

မိုဂါဒစ်ရှူးမြို့ဝန်းကျင်၌ ဆိုမာလီတပ်ဖွဲ့နှင့် အာဖရိကသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များအား အစ္စလာမ္မစ်တရားရေးကောင်စီ၏ စစ်ဘက်ဆိုင်ရာအဖွဲ့ဖြစ်သော အယ်လ်ရှာဘတ်ရှ် တိုက်ခိုက်ရေးသမားများက ဆန့်ကျင်တိုက်ခိုက်လျက်ရှိသည်။ **အမ်အင်န်အေ၊ရိုက်တာ**

တာလီဘန်များ လက်နက်ချရန် အစီအစဉ်အတွက် ငွေကြေးထည့်ဝင်မှုမပြုဟု နယူးဇီလန်ပြောကြား

ဝယ်လင်တန် ဖေဖော်ဝါရီ ၃

အာဖဂန်နစ္စတန်နိုင်ငံမှ တာလီဘန် တိုက်ခိုက်ရေးသမားများ လက်နက်ချစေရန်အတွက် နိုင်ငံတကာမှ ပေးအပ်သည့် ရန်ပုံငွေသို့ ငွေကြေးထည့်ဝင်မည်မဟုတ်ကြောင်း နယူးဇီလန် နိုင်ငံခြားရေးဝန်ကြီး မက်ကာလီက သည်နယူးဇီလန်ဟာရယ် သတင်းစာတစ်စောင်သို့ ဖေဖော်ဝါရီ ၁ရက်တွင် ပြောကြားသည်။

စွန့်ခွာ

လန်ဒန်၌ လွန်ခဲ့သည့် ရက်သတ္တပတ်ကကျင်းပသည့် နိုင်ငံတကာညီလာခံတွင် အာဖဂန်သမ္မတဟာမစ်ကာဇိုင်းက ရန်ပုံငွေထည့်ဝင်ရေးကိစ္စကိုအဆိုပြုခဲ့ရာ ဩစတြေးလျ၊ ဗြိတိန်၊ ဂျပန်နှင့် တောင်ကိုရီးယားတို့က သဘောတူကြောင်း ကြေညာခဲ့သည်။ တာလီဘန် တိုက်ခိုက်ရေးသမားများအနေဖြင့် အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်မှစွန့်ခွာပြီး လက်နက်ချကာ အလင်းဝင်လာပါက အဆိုပါရန်ပုံငွေကို တာလီဘန်များအား ပေးအပ်မည်ဖြစ်သည်။ (အင်တာနက်)

နောက်ဆုံးရနိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

အာရှအတွက် တိုရိုဘာစက်ရုံ အင်ဒိုနီးရှားသို့ရွှေ့

ဂျပန်နိုင်ငံမှ တိုရှီဘာ အီလက်ထရွန်နစ်ကုမ္ပဏီက အာရှဒေသအတွက် ၎င်း၏ အယ်လ်စီဒီရုပ်မြင်သံကြားစက်များ ထုတ်လုပ်ပေးရေးဌာနအဖြစ် အင်ဒိုနီးရှားနိုင်ငံကို ရွေးချယ်လိုက်ပြီးနောက် စက်ရုံကို ဗီယက်နမ်မှ အင်ဒိုနီးရှားသို့ ရွှေ့လိုက်ကြောင်း ဂျကာတာပို့စ်တွင် ဖေဖော်ဝါရီ ၂ရက်က ဖော်ပြသည်။

အမေရိကန်သမ္မတ ဘရာဇီးသို့သွားရောက်လည်ပတ်မည်

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အမေရိကန်ပြည်ထောင်စုနှင့် လက်တင်အမေရိက ဆက်ဆံရေးတိုးမြှင့်ရန် ယခုနှစ် နှစ်လယ်ပိုင်းတွင် ဘရာဇီးနိုင်ငံသို့ အစိုးရဧည့်သည်အဖြစ် သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း ဘရာဇီးအစိုးရသတင်းဌာန အေဂျင်စီက ဖေဖော်ဝါရီ ၂ရက်တွင် သတင်းထုတ်ပြန်သည်။

ဗင်နီဇွဲလားနှင့်ရုရှား ရေနံပူးတွဲတူးဖော်မည်

ဗင်နီဇွဲလားအစိုးရနှင့် ရုရှားအစိုးရတို့သည် အိုရီနိုကို ရေနံကမ်းမြောင်ရှိ ဂျူနင်လုပ်ကွက်အမှတ် (၆)တွင် ရေနံတူးဖော်ရေးအတွက် အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားမည့် အဖွဲ့အစည်းတစ်ရပ် ထူထောင်သွားရန် သဘောတူညီကြကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ဖေဖော်ဝါရီ ၂ရက်တွင် ပြောကြားသည်။

ဟောင်ကောင်ဖျော်ဖြေပွဲ အနုပညာရှင်များဆင်နွှဲ

အာရှနှင့်ကမ္ဘာတစ်ဝန်းမှ တီထွင်ဖန်တီးမှုလုပ်ငန်းများတွင် ကျွမ်းကျင်သော အနုပညာရှင်များသည် ဟောင်ကောင်၌ ကျင်းပမည့် ထိပ်တန်းဧည့်ခံဖျော်ဖြေပွဲတွင် ပါဝင်ရန် ဟောင်ကောင်သို့ လာမည့်လတွင် လာရောက်ကြလိမ့်မည်ဖြစ်ကြောင်း၊ ယင်းဖျော်ဖြေပွဲတွင် ရုပ်ရှင်၊ ရုပ်မြင်သံကြား၊ တေးဂီတနှင့် ဒီဂျစ်တယ်ဖျော်ဖြေမှုများ ပါဝင်မည်ဖြစ်ကြောင်း ဖျော်ဖြေပွဲကျင်းပရေးအဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂ရက်၌ ပြောကြားသည်။

လေယာဉ်ပျက်ကျမှု၌ စွပ်စွဲခံရသူများ တရားသေလွှတ်

၁၉၉၉ခုနှစ်တွင် ၆၅ဦးသေဆုံးခဲ့ရသည့် လေယာဉ်ပျက်ကျမှုတွင် တာဝန်ရှိသည်ဟု စွပ်စွဲခံထားရသူများအား အာဂျင်တီးနားတရားရုံးက ဖေဖော်ဝါရီ ၂ရက်တွင် အပြစ်မရှိကြောင်း စီရင်ချက်ချမှတ်လိုက်ပြီး တရားသေလွှတ်လိုက်သည်ဟု သတင်းရရှိသည်။

ကူဝိတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အတည်ပြု

ကူဝိတ်လွှတ်တော်သည် ရေနံကိုသာ အမှီပြုရပ်တည်နေရသော ကူဝိတ်နိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းမှု၏ တစ်စိတ်တစ်ဒေသဖြစ်သော ကူဝိတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ဖေဖော်ဝါရီ ၂ရက်က အတည်ပြုလိုက်သည်။

မောင်းသူမဲ့လေယာဉ်များတိုက်ခိုက်၍ ၁၀ဦးသေဆုံး

အမေရိကန်မောင်းသူမဲ့လေယာဉ်များသည် ပါကစ္စတန်လူမျိုးစုဒေသ၌ ဖေဖော်ဝါရီ ၂ရက်က ဒုံးကျည်များဖြင့် တရစပ်ပစ်ခတ်တိုက်ခိုက်ပြီး ဒုံးကျည်မိုးရွာသွန်းရာမှ ၁၀ဦး ထက်မနည်း သေဆုံးသွားရကြောင်း ဒေသခံပြည်သူများကပြောကြားသည်။

ဂရိသင်္ဘောပြန်ပေးဆွဲခံထားရာမှ ပြန်လွတ်လာ

ဆိုမာလီယာနိုင်ငံ ကမ်းလွန်ဒေသတွင် ကျက်စားနေသော ပင်လယ်ဓားပြများသည် ပြန်ရွေးငွေများရရှိပြီးနောက် ဖီလစ်ဆာအမည်ရှိ ဂရိကုန်တင်သင်္ဘောတစ်စင်းကို သင်္ဘောသား ၂၂ဦးနှင့်အတူ ယင်းတို့အပိုင်စီးထားရာမှ ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ဂရိကမ်းခြေစောင့်တပ်အာဏာပိုင်များက ဖေဖော်ဝါရီ ၂ရက်၌ ကြေညာသည်။

မောင်းသူမဲ့ရဟတ်ယာဉ် အီရန်တီထွင်ထုတ်လုပ်

အီရန်နိုင်ငံ အမာကာဘာနည်းပညာတက္ကသိုလ်မှ အီရန်သုတေသီများက ပထမဆုံးသော လူမပါသည့် အပေါ့စားရဟတ်ယာဉ်ကို တီထွင်ထုတ်လုပ်နိုင်ကြောင်း အိုင်အာရ်အင်န်အေ သတင်းဌာနက ဖေဖော်ဝါရီ ၁ရက်တွင် ကြေညာသည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ (၁၄)ကြိမ်မြောက်စည်းဝေး

ဟောင်ကောင်တွင်ကျင်းပမည့် ကမ္ဘာ့မိုးလေဝသအဖွဲ့ (ဒဗလျူအမ်အို)မိုးလေဝသနှင့် လေကြောင်းဆိုင်ရာ (၁၄)ကြိမ်မြောက်အစည်းအဝေးကို ဖေဖော်ဝါရီ ၂ရက်က စတင်ကျင်းပကြောင်း အဆိုပါမိုးလေဝသအဖွဲ့က ဖေဖော်ဝါရီ ၃ရက်တွင် ကြေညာသည်။ အဆိုပါ အစည်းအဝေးကို ဖေဖော်ဝါရီ ၃ရက်မှ ၁၀ရက်အထိ ကျင်းပမည်ဖြစ်ပြီး အမျိုးသား မိုးလေဝသနှင့် ဇလဗေဒဌာနများမှ ကိုယ်စားလှယ် ၁၅၀ တက်ရောက်ကြမည်ဖြစ်သည်။

စပိန်တပ်ဖွဲ့ဝင်များ အာဖဂန်မှရုပ်သိမ်းမည်မဟုတ်

အာဖဂန်နစ္စတန်၌ တာလီဘန်စစ်သွေးကြွများ တိုက်ခိုက်မှုကြောင့် စပိန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့ပြီးနောက်ပိုင်းတွင် စပိန်ကာကွယ်ရေးဝန်ကြီးကာမီချာကွန်က အာဖဂန်နစ္စတန်နိုင်ငံ၌ စပိန်တပ်ဖွဲ့ဝင်များအား ရုပ်သိမ်းမည်မဟုတ်ကြောင်း ထပ်လောင်းအတည်ပြု ပြောကြားလိုက်သည်ဟု သိရသည်။

ဆေးခြောက်ခုနစ်တန် ပြင်သစ်ရဲသိမ်းဆည်း

ပြင်သစ်နိုင်ငံ ပါရီမြို့အနီးတွင် ကုန်တင်ကားဖြင့် လျှို့ဝှက်သယ်ဆောင်လာသည့် ဆေးခြောက်ခုနစ်တန်ကို ပြင်သစ်ရဲတပ်ဖွဲ့က တွေ့ရှိသိမ်းဆည်းလိုက်ပြီး မူးယစ်ဆေးဝါးမှောင်ခိုမှုဖြင့် ပြင်သစ်လူမျိုး နှစ်ဦးအပါအဝင် မသင်္ကာသူခုနစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၂ရက်၌ ပြောကြားသည်။

ကျောင်းကားနှင့်ကုန်တင်ကားတိုက်မိ၊ ၁၂ဦးသေဆုံး

ဘရာဇီးနိုင်ငံ အနောက်အလယ်ပိုင်းတွင် ကျောင်းကားတစ်စီးနှင့် ကုန်တင်ကားတစ်စီး ဖေဖော်ဝါရီ ၁ရက်က တိုက်မိရာမှ ကျောင်းသားကိုးဦး အပါအဝင် ၁၂ဦး သေဆုံးသွားရကြောင်း ဘရာဇီးအာဏာပိုင်များက ဖေဖော်ဝါရီ ၂ရက်၌ သတင်းထုတ်ပြန်သည်။ သေဆုံးသူများမှာ ဆယ်ကျော်သက်သုံးဦး၊ ကလေးခြောက်ဦး၊ ယာဉ်နှစ်စီးစလုံးမှ ယာဉ်မောင်းများနှင့် ကျောင်းသားမိခင်တစ်ဦးပါဝင်သည်ဟု သိရသည်။

(အင်တာနက်)

✳ *ကျောဖုံးမှ*

သို့ရာတွင် ယခုအခါ လမ်းသက်တမ်း ၁၀နှစ်မပြည့်မီ ကာလအတွင်း လမ်းပျက်ယွင်းမှုများ ကြီးမားစွာဖြစ်ပေါ်သဖြင့် ယာဉ်အသုံးပြုမှုစရိတ် တက်လာသကဲ့သို့ သော်လည်း ကျော်တက်ပြီးလျှင် သတ်မှတ်သည့် ဘေးလမ်းကြောင်းကိုသာ ပြန်လည်ဝင်မောင်းရပါမည်။

သို့မှသာ အမြန်မောင်းယာဉ်ငယ်များသည် လျင်မြန်စွာ အလယ်လိုင်းကြောင်း၌ ယာဉ်ငယ်များအတွက် အတွင်းလမ်းကြောင်း ဒီဇိုင်းထုတ်ရမည်ဖြစ်ပါသည်။ ဤကဲ့သို့ ဒီဇိုင်းထုတ်ပါက ဘေးလမ်းကြောင်းရှိ လမ်းလွှာသည်ထူပြီး ယာဉ်ငယ်သွားလမ်း၏ လမ်းလွှာသည် ပါးပါမည်။ ထို့ကြောင့်

ဝင်ရိုးသုံးချောင်းပါ (၁၆)တန်ကား (နောက်ဘီးတာယာနှစ်လုံးတွဲ)၏ ဝင်ရိုးထမ်း အလေးချိန်နှင့် ယာဉ်+ကုန် စုစုပေါင်း အလေးချိန်ပြပုံ



အရပ်ခေါ် (၆)ဘီးကား (ကားကြီး)

ဝင်ရိုးလေးချောင်းပါ (၃၄)တန် ကား (နောက်ဘီးတာယာနှစ်လုံးတွဲ)၏ ဝင်ရိုးထမ်းအလေးချိန်နှင့် ယာဉ်+ကုန် စုစုပေါင်းအလေးချိန်ပြပုံ



အရပ်ခေါ် (၁၄)ဘီးကား

လမ်းပြုပြင် ထိန်းသိမ်းစရိတ်သည်လည်း အဆမတန် မြင့်မားလျက်ရှိနေသည်ဟု သိရှိရသည်။

လမ်းပျက်ယွင်းမှုများဖြစ်ပေါ်

အာဖရိကနှင့် အရှေ့အလယ်ပိုင်း နိုင်ငံများတွင် ဝန်ပိုတင်ယာဉ်များကြောင့် တချို့လမ်းများသည် တည်ဆောက်ပြီး နှစ်နှစ်အတွင်း ပျက်ယွင်းမှု ဖြစ်ပေါ်နေကြောင်း တွေ့ရှိနေရသကဲ့သို့ နိုင်ငံတကာ အင်ဂျင်နီယာအဖွဲ့အစည်းများ၏ လေ့လာတွေ့ရှိချက်အရ ဒီဇိုင်းစံချိန်စံညွှန်း သတ်မှတ်ချက်နှင့် မကိုက်ညီသော ယာဉ်များကြောင့်လည်း အချိန်တိုအတွင်း လမ်းပျက်ယွင်းမှုများ ဖြစ်ပေါ်ကြောင်း တွေ့ရှိရသည်ဟု ဆို၏။ ထို့အပြင် သတ်မှတ်ဝန်ထက် ၄၀ ရာခိုင်နှုန်း ပိုတင်ခြင်းဖြင့် လမ်းပျက်ယွင်းမှုသည် သတ်မှတ်ဝန်သာ တင်ခြင်းကြောင့် ဖြစ်ပေါ်သည့် ပျက်ယွင်းမှုထက် ၃၀၀ ရာခိုင်နှုန်း တိုး၍ ဖြစ်ပေါ်ကြောင်း သိရပါသည်။

မော်တော်ယာဉ်များ၏ ကိုယ်ထည်အတိုင်းအတာ၊ တင်သည့်ဝန် ပမာဏသည် ယာဉ်ထုတ်လုပ်သည့် အဖွဲ့အစည်းနှင့် လမ်းအနေအထား၊ လမ်းလွှာပုံစံထုတ်သည့် အဖွဲ့အစည်းတို့၏ သတ်မှတ်ချက်ဘောင်အတွင်းရှိမှသာ ယာဉ်နှင့် လမ်းအသုံးပြုသူများ အန္တရာယ်ကင်းရှင်းပြီး လမ်းပျက်ယွင်းမှု နည်းပါးမည်ဖြစ်ပါသည်။

ဝင်ရိုးသုံးချောင်းပါ (၂၂)တန်ကား (နောက်ဘီးတာယာနှစ်လုံးတွဲ)၏ ဝင်ရိုးထမ်းအလေးချိန်နှင့် ယာဉ်+ကုန် စုစုပေါင်းအလေးချိန်ပြပုံ



အရပ်ခေါ်(၁၀)ဘီးကား

သတ်မှတ်ချက်ရှိ

လမ်းအနေအထား ပုံစံထုတ်ရာ၌ စဉ်းစားရသော ပုံထုတ်ယာဉ် (Design Vehicle) သတ်မှတ်ချက်ရှိပါသည်။ ပုံထုတ်ယာဉ်၏ အလျား၊ အနံ၊ အမြင့်ပေါ်မူတည်လျက် အကွေ့ပြေပြစ်ရန်နှင့် မြင်ကွင်းအမြင်များ ရှင်းလင်းရန်အတွက် လမ်းလယ်ကျွန်းအကျယ်နှင့် လမ်းသား အကျယ်ပုံစံထုတ်ရသဖြင့် ယင်းသတ်မှတ်ချက်များနှင့် ကိုက်ညီပါမှ အန္တရာယ်ကင်းပါသည်။

စံချိန်စံညွှန်းမမီသည့် ကုန်တင်ယာဉ်များကြောင့် လမ်းများပျက်ယွင်းသကဲ့သို့ လူစီးယာဉ်ငယ်များအတွက် သွားလာမှု နှောင့်နှေးစေပြီး ယာဉ်ငယ်များ၏ စက်ပိုင်းနှင့် ကိုယ်ထည်ပိုင်းဆိုင်ရာတို့ကို ပျက်စီးစေသဖြင့် ပြုပြင်ရသည့် ကုန်ကျစရိတ်များ လိုသည်ထက်ပိုကုန်ပြီး ယာဉ်ငယ်များအတွက်လည်း အန္တရာယ်ဖြစ်စေပါသည်။

နိုင်ငံတကာ ယာဉ်စည်းကမ်း၌ ကုန်တင်ယာဉ်များသည် လမ်းသား၏ ဘေးလိုင်းကြောင်း(Lane)၌သာ မောင်းနှင်ခွင့်ရှိပါသည်။ ကုန်တင်ယာဉ်တစ်စီးနှင့် တစ်စီး ကျော်တက်ချိန်၌ လမ်းအလယ်လိုင်းကြောင်း (Lane) ကို ဝင်မောင်းခွင့်ရှိ မောင်းနှင်နိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ ကြုံတွေ့နေသည်မှာ ကုန်တင်ယာဉ်များ အလယ်လိုင်းကြောင်း၌ မောင်းနေသဖြင့် ယာဉ်ငယ်များ အမြန်မမောင်းနိုင်တော့ပေ။ ယာဉ်စည်းကမ်း၌လည်း ယာဉ်တစ်စီးနှင့် တစ်စီး ကျော်တက်လျှင် ရှေ့ယာဉ်၏ ဘယ်ဘက်မှ ကျော်တက်ရမည်ဖြစ်သဖြင့် ယာဉ်ငယ်များအတွက် အန္တရာယ်များပါသည်။ ညာဘက်မှ ကျော်တက်လျှင် ယာဉ်စည်းကမ်း ဖောက်ဖျက်ရာကျပြီး၊ ရှေ့ကုန်တင်ယာဉ်သည် ဘေးလိုင်းကြောင်းသို့ ရုတ်တရက်ဆင်းလာပါက တိုက်မိနိုင်ပါသည်။ ယာဉ်စည်းကမ်းအတိုင်း ဘယ်ဘက်မှ ကျော်တက်ရာ၌လည်း ကုန်တင်ယာဉ်မှ ရှေ့မြင်ကွင်းကို ကာထားသဖြင့် မျက်နှာချင်းဆိုင်လာသည့် ယာဉ်ငယ်နှင့်လည်း တိုက်မိနိုင်ပါသည်။ အထူးသဖြင့် လမ်းကျဉ်းသော တောင်ပေါ်လမ်းများတွင် အန္တရာယ် ပိုရှိပါသည်။

နိုင်ငံတကာ ယာဉ်စည်းကမ်းအတိုင်း ကုန်တင်ယာဉ်များကို ဘေးလမ်းကြောင်း (Lane) ပေါ်၌သာ မောင်းနှင်ခွင့်ပေးပါက ကုန်တင်ယာဉ်များ သွားလာရန်အတွက် ဘေးလမ်းကြောင်း ဒီဇိုင်းကိုထုတ်ပြီး လမ်းတည်ဆောက်စရိတ် သက်သာလာမည် ဖြစ်ပါသည်။

လုံခြုံချောမွေ့စေမည်

မြန်မာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ကားလမ်းမှာ အဓိကအကျဆုံးဖြစ်သဖြင့် နိုင်ငံတော်အတွင်း သယ်ယူပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ပြီး နိုင်ငံသားတို့၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်အစိုးရက လမ်းများဖောက်၍ တံတားများ ဆောက်လုပ်ပေးလျက်ရှိရာ ၂၀၀၉ခုနှစ် နိုဝင်ဘာလအထိ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဖောက်လုပ်ထိန်းသိမ်းထားသည့်လမ်း အရှည်စုစုပေါင်းမှာ ၂၁၁၅၄မိုင် ၂ဖာလုံဖြစ်သည်။ ၁၉၉၈ ခုနှစ်တွင် လမ်းမိုင် စုစုပေါင်း ၁၃၆၃၅မိုင်ရှိခဲ့သဖြင့် လမ်းမိုင်ပေါင်း ၇၅၁၉ မိုင် ၂ဖာလုံ တိုးတက်လာခဲ့သည်။ ၄င်းတိုးတက်လာသော လမ်းမိုင်ရရှိရေးအတွက်နိုင်ငံတော်က နှစ်စဉ်ရန်ပုံငွေများ ပံ့ပိုးပေးခဲ့သည်။ အဆိုပါတိုးတက်လာသည် လမ်းများနှင့် ယခင်ရှိလမ်းများကို ရာသီမရွေး သွားလာနိုင်သည့် လမ်းများအဆင့် ထိန်းသိမ်းထား နိုင်မှ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် အားလျော်စွာ အာဆီယံတွင် သဘောတူပြီးဖြစ်သည့် ယာဉ်များနှင့် ပတ်သက်သည့် ဝင်ရိုးတစ်ခုပေါ်ကျရောက်သည့် အလေးချိန်အများဆုံး သတ်မှတ်ချက်၊ ဝင်ရိုးအလိုက် စုစုပေါင်းအလေးချိန်နှင့်ယာဉ်၏ သတ်မှတ်ချက်အတိုင်းအတာများနှင့်အညီ လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။

သို့ဖြစ်၍ ဝင်ရိုးပေါ်ကျရောက်သည့် အလေးချိန်အများဆုံး ၁၀တန်ကို တရားဝင်သတ်မှတ်ပြီး ၄င်းထက်ကျော်၍ တင်ဆောင်သည့် မော်တော်ယာဉ်များကို ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းများပေါ်တွင် မောင်းနှင်ခြင်းကို ခွင့်မပြုရန် သို့မဟုတ် တားမြစ်ပိတ်ပင်ရန် အချိန်ကျရောက်လာပြီဖြစ်သည်။ ဝင်ရိုးသုံးခုပါရှိပြီး ယာဉ်+ကုန် စုစုပေါင်းတန် ၄၀ရှိသော ကားတစ်စီး ဖြတ်သန်းသွားခြင်းကြောင့် လမ်းပျက်စီးခြင်းသည် ဝင်ရိုး နှစ်ခုပါရှိပြီး ယာဉ်+ကုန် စုစုပေါင်း ၁၃တန်ရှိသည့် ကား ၁၈စီး ဖြတ်သန်းသွားခြင်းကြောင့် လမ်းပျက်စီးခြင်းနှင့် ညီမျှပါသည်။

ရေရှည်ကြံ့ခိုင်ကောင်းမွန်

မော်တော်ယာဉ် ထုတ်လုပ်သူက သတ်မှတ်ထားသည့် ကတ်တလော့ပါ တင်ဆောင်နိုင်သည့် စွမ်းအားနှင့်အညီသာ တင်ဆောင်ပြေးဆွဲမှသာ ယာဉ်နှင့် လမ်းအသုံးပြုသူများ အန္တရာယ်ကင်းမည်။ လမ်းပုံစံထုတ်သူ၏ သတ်မှတ်ချက်အတိုင်းရှိမှသာ လမ်းများ ရေရှည်ကြံ့ခိုင်ကောင်းမွန်နိုင်မည် ဖြစ်သည်။ မြန်မာစကားပုံတွင်လည်း ဝန်နှင့်အား၊ လေးနှင့်မြား၊ အိုးတန်ဆန်ခပ်ဟူသည့် စကားပုံများလည်းရှိရာ ယာဉ်နှင့်ကုန် စုစုပေါင်းအလေးချိန်အတွက် ရှိရမည့် ဝင်ရိုးအရေအတွက်ကို မြန်မာနိုင်ငံရှိ လမ်းများအတွက် အောက်ပါအတိုင်း သတ်မှတ်ရန် လိုအပ်ပါသည်–

ဝင်ရိုး နှစ်ခုပါသော ခြောက်ဘီးကုန်တင်ယာဉ်	၁၃တန်(ယာဉ်၆½တန်+ကုန်၆½တန်) (ကားလတ်)
ဝင်ရိုးနှစ်ခုပါသော ခြောက်ဘီးကုန်တင်ယာဉ်	၁၆တန်(ယာဉ် ၈တန်+ ကုန် ၈တန်) (ကားကြီး)
ဝင်ရိုးသုံးခုပါသော ၁၀ဘီးကုန်တင်ယာဉ်	၂၁တန်(ယာဉ်၁၀½တန်+ကုန်၁၀½တန်)
ဝင်ရိုးလေးခုပါသော ၁၂ဘီးကုန်တင်ယာဉ်	၂၅တန်(ယာဉ် ၁၂½တန်+ကုန်၁၂½တန်)
ဝင်ရိုးလေးခုပါသော နောက်တွဲယာဉ် ပေ၂၀ ကွန်တိန်နာ	၃၄တန်(ယာဉ် ၁၄တန်+ကုန် တန်၂၀)
ဝင်ရိုးခြောက်ခုပါသော နောက်တွဲယာဉ် ပေ၄၀ ကွန်တိန်နာ	၅၅တန်(ယာဉ် ၁၅တန်+ကုန်တန်၄၀)

စာမျက်နှာ ၇ ကော်လံ ၁

ဝင်ရိုးလေးချောင်းပါ (၂၅)တန်ကား (နောက်ဘီးတာယာနှစ်လုံးတွဲ)၏ ဝင်ရိုးထမ်းအလေးချိန်နှင့် ယာဉ်+ကုန် စုစုပေါင်းအလေးချိန်ပြပုံ



အရပ်ခေါ်(၁၂)ဘီးကား

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၄ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရိုဟီသာဘိုဂိုလာဂါမာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြောက်ပိုင်းစွန်းဒေသများ၌ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၃

<u>ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၈ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

<u>ဖေဖော်ဝါရီ ၄ရက် ညနေအထိ ခန့်မှန်းချက်မှာ</u> ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> လှိုင်းအသင့်အတင့်ရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

<u>နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင်</u> ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

<u>ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်</u> ယနေ့ အများအားဖြင့် သာယာမည်။

ငွေဆောင်ကမ်းခြေ (၁၀)နှစ်ပြည့် ဓာတ်ပုံပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ငွေဆောင်ဇုန်)ငွေဆောင်အလှ သဘာဝဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီက ကြီးမှူး၍ ငွေဆောင်ကမ်းခြေ (၁၀) နှစ်ပြည့် ဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၏ ကူညီပံ့ပိုးမှုဖြင့်ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်တစ်ဦးလျှင် ဓာတ်ပုံလေးပုံ တင်သွင်းနိုင်ပြီး ပြိုင်ပွဲဓာတ်ပုံအရွယ်အစားမှာ ၁၀လက်မ × ၁၄လက်မထက် မငယ်ရ။ ၁၂လက်မ × ၁၈လက်မထက် မကြီးစေရ။ မည်သူမဆို ဝင်ရောက် ယှဉ်ပြိုင်နိုင်ပြီး မိမိကိုယ်တိုင် ရိုက်ကူးထားသော ဓာတ်ပုံဖြစ်ရမည်။ မည်သည့် ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးယှဉ်ပြိုင်နိုင်ပြီး ဆုရရှိပါက ဆုရပုံ၏မူရင်းနဂ္ဂတစ် File များကို ဆုကြေညာပြီး ခုနစ်ရက်အတွင်း တင်ပြနိုင်ရမည်။ ပထမဆုငွေကျပ်သုံးသိန်း၊ ဒုတိယဆုငွေကျပ်နှစ်သိန်း၊ တတိယဆုငွေကျပ် တစ်သိန်းနှင့် နှစ်သိမ့်ဆု ၁၅ဆုအတွက် တစ်ဆုလျှင် ဆုငွေကျပ် ငါးသောင်းစီ ချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို မတ်လ ၁ရက် ညနေ ၅နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ ဓာတ်ပုံအသင်း ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၅လမ်း အမှတ်(၂၇-၂၉) ဖုန်း-၃၇၃၁၆၇သို့ ပေးပို့ရမည်ဖြစ်ပြီး အသေးစိတ် အချက်အလက်များကို မြန်မာနိုင်ငံ ဓာတ်ပုံအသင်းသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

NLD ဌာနချုပ်သို့ ဇန်နဝါရီလအတွင်း အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က (၃၄)ကြိမ် ဝင်ထွက်ခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၃

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုသည် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံးတို့နှင့် အမြဲမပြတ်ဆက်သွယ်၍ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်လျက်ရှိသဖြင့် ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်မှုကို ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး မပြတ်ကြည့်ရှု သတိပြုနေကြသည်။

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ၂၀၁၀ ခုနှစ် ဇန်နဝါရီလအတွင်း (၃၄)ကြိမ် ဝင်ထွက်မှုရှိခဲ့ကြောင်း၊ အဆိုပါသံရုံးများသည် NLD, CEC အဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ်ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

သို့ဖြစ်ပါ၍ ဝင်ရိုးတစ်ခု ထမ်းရသည့် အလေးချိန်မှာ ၁၀တန်ထက် မပိုကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ နိုင်ငံတကာ ကျင့်ထုံးအရ ဤစနစ်ကို အသုံးမပြုမီ ဆောင်ရွက်ရသည်များမှာ-

(က) ဌာနဆိုင်ရာ လမ်းအဖွဲ့အစည်းနှင့် လမ်းတည်ဆောက် ပြုပြင်ထိန်းသိမ်းရမည့် ကုမ္ပဏီအဖွဲ့အစည်းတို့သည် ဤစနစ်ကို နားလည်သဘောပေါက်ပြီး ယာဉ်ထိန်းရဲအကူအညီဖြင့် အများပြည်သူများ လိုက်နာအောင် ဆောင်ရွက်ရပါမည်။

(ခ) သက်ဆိုင်ရာလမ်းများတွင် ရုံးဖွင့်ပြီး ဤစနစ်ကို ထိန်းသိမ်းဆောင်ရွက်ခြင်းနှင့် လမ်းပြုပြင်ထိန်းသိမ်းခြင်းများကို ရှင်းလင်းလေ့ကျင့်ပေးရပါမည်။

(ဂ) ဝင်ရိုးအလေးကိုချိန်မည့် အလေးချိန်တိုင်းကိရိယာများကို ယာဉ်ဖြတ်သန်းခ ကောက်ယူသည့် စခန်းများ၌ တပ်ဆင်ရပါမည်။ တိုင်းတာသည့် ကိရိယာသည် တန် ၃၀ + ၅၀ % (လှုပ်ရှားသည့် တန်ပိုဒဏ်ခံနိုင်ရန်) ၄၅တန် ခံနိုင်ရပါမည်။ ယာဉ်ရပ်၍ဖြစ်စေ၊ ယာဉ်မောင်းနှုန်း ၅-၁၀ kph သွားချိန်၌ တိုင်းတာနိုင်ရပါမည်။ လျှပ်စစ်သုံး မဟုတ်ဘဲ ရိုးရှင်း၍ လွယ်ကူသော ကိရိယာများကို သုံးရပါမည်။ အလွယ်တကူ သယ်ယူနိုင်သည့် တိုင်းတာသည့် ကိရိယာများကိုလည်း ဝန်ပိုတင်ယာဉ်များကို လျှပ်တစ်ပြက်စစ်ရန်နှင့် ယာဉ်ဖြတ်သန်းခ ကောက်ယူသည့်စခန်းရှိ ကိရိယာများကို စစ်ဆေးရန် ဆောင်ထားရပါမည်။

ဤကဲ့သို့ သတ်မှတ်သည့်စနစ်ကို အသုံးပြုပါက ယာဉ်နှင့်လမ်း အသုံးပြုသူများ အန္တရာယ်ကင်းခြင်း၊လမ်းပျက်ယွင်းမှု နည်းလာခြင်းနှင့် ယာဉ်အတွက် ကုန်ကျစရိတ်များ နည်းလာခြင်းဟူသော အကျိုးကျေးဇူးများရသော်လည်း ယာဉ်ပိုင်ရှင်နှင့် အများပြည်သူများ နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ ယင်းကြောင့် အောက်ပါအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်ပါသည်-

၁။ အများပြည်သူတို့ သိရှိနားလည်ရန် အသိပေးခြင်း၊ (ယနေ့ခေတ် မော်တော်ယာဉ်များနှင့် မြန်မာနိုင်ငံ လမ်းများနှင့် ပတ်သက်သည့် ဆောင်းပါးများ ရေး၍တင်ပြခြင်း။)

၂။ ယာဉ်ပိုင်ရှင်များနှင့် သယ်ယူပို့ဆောင်ရေး အဖွဲ့အစည်းများ နားလည်သဘောပေါက်စေရန် ရှင်းပြခြင်း။

၃။ ဤစနစ်ကိုအသုံးပြုခြင်း။

၄။ ပူးပေါင်းဆောင်ရွက်ခြင်း။

- လမ်းတည်ဆောက် ထိန်းသိမ်းသည့် ဌာနဆိုင်ရာအဖွဲ့အစည်းနှင့် ကုမ္ပဏီများ
- ဌာနဆိုင်ရာနှင့် ကုမ္ပဏီများ ပူးပေါင်း ဆောင်ရွက်လျက် နောင်တင်သွင်းမည့် ယာဉ်စံချိန်စံညွှန်းများ သတ်မှတ်ပေးခြင်း။

ယာဉ်ဖြတ်သန်းခ ကောက်ခံရေးစခန်း၌ ဝင်ရိုးအလေးချိန် တိုင်းတာရာ၌ သတ်မှတ်ချက်ထက် နည်းခြင်းများ၊ များခြင်းများ အမှန်တကယ် ရှိမည်ဖြစ်သည်။ ယင်းအတွက် နိုင်ငံတကာကျင့်ထုံးများ၌ အောက်ဖော်ပြပါတို့ဖြင့် အလျှော့အတင်း ပြုလုပ်ထားပါသည်။

- ယာဉ်ပေါ်ရှိကုန်များကို ယာဉ်ပေါ်၌ ရွှေ့ပေးခြင်းဖြင့် ဝင်ရိုး အလေးချိန်ညှိခြင်းဖြင့် တင်ပေးရခြင်း။
- သတ်မှတ်ထားသော ရာခိုင်နှုန်းအထိ ဝန်ပိုတင်ရန်ခွင့်ပြုခြင်း၊ လမ်းပုံထုတ်ရာ၌လည်း ထည့်သွင်းအသုံးပြုခြင်း။
- ဝန်ပိုအတွက် ကောက်ခံရန် နှုန်းထားသတ်မှတ်၍ ကောက်ခံခြင်း။ (ဝန်ပိုဆိုသည်မှာ ခွဲခြား၍သော်လည်းကောင်း၊ ဖြတ်တောက်၍သော် လည်းကောင်း မရသောပစ္စည်းမျာ း ပါလာခြင်းကို ဆိုလိုပါသည်။)
- တန်ပိုခွင့်ပြုပမာဏထက် ကျော်လွန်ပါက ယာဉ်ပေါ်မှချစေပြီး အခြားယာဉ်ဖြင့် သယ်စေခြင်း။
- ဆေးဝါး၊ ပုပ်သိုးမည့် ပစ္စည်းများနှင့် တိရစ္ဆာန်များ သယ်ဆောင်သည့် ယာဉ်များကိုမူ ခွင့်ပြုတန်ပိုထက် များသော်လည်း အခြားယာဉ်သို့ ပစ္စည်းများကို ပြောင်းရွှေ့စရာမလိုဘဲ တန်ပိုများကို နောင်သယ်မလာစေရေးအတွက် သာမန်ထက်များသော တန်ပိုကောက်ခံနှုန်း သတ်မှတ်ပြီး ကောက်ခံစေခြင်း၊ နောင်သယ်မလာရေးအတွက် သတိပေးလက်မှတ်ရေးထိုးစေခြင်း ဆောင်ရွက်ရခြင်း။

မီးဘေးရှောင် မလောင်ခင်တား ပြည်သူများအသိပွား

➤ သတင်းမှတ်စု -မောင်ချစ်ကြည် စာမျက်နှာဖွဲ့စည်းမှု -ယဉ်ယဉ်အေး

နေပြည်တော် ဖေဖော်ဝါရီ ၃

မီးကို သတိဖြင့် ဆင်ခြင်သုံးစွဲလျှင် မိတ်ဆွေကောင်းကဲ့သို့ အကျိုးပြုသည်။ အသုံးလည်းဝင်သည်။ သို့သော် ပေါ့ဆစွာ သုံးစွဲလျှင်၊ ဂရုမထားလျှင် ရန်သူကဲ့သို့ ပြုမူလေသည်။ မြို့ရွာနေအိမ်အဆောက်အအုံများ၊ စည်းစိမ်ဥစ္စာပစ္စည်းများကို နာရီပိုင်းအတွင်း ပြာပုံအတိဖြစ်အောင် ဖျက်ဆီးပစ်နိုင်စွမ်းရှိသည်။

<u>*သမိုင်းဖြစ်စဉ်*</u>

မြန်မာနိုင်ငံ၏ မီးဘေးအန္တရာယ်ကြုံတွေ့ခဲ့ရမှုက များပြားသည်။ ၁၉၈၈ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ ၂၂နှစ်တာ ကာလအတွင်း မီးလောင်မှုအကြိမ်ပေါင်း ၂၃၇၂၇ ဖြစ်ပွားခဲ့သည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ်သန်း ၃၁၂၄၂ ဒသမ ၅၇ ဖြစ်ရာ များပြားသည့် ငွေကြေးပမာဏဖြစ်သည်။ ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်အတွင်းမှာပင် နိုင်ငံတစ်ဝန်း မီးလောင်မှု ၇၁၄ကြိမ် ဖြစ်ပွားခဲ့သည်။ ခန့်မှန်းခြေ ငွေကြေးတန်ဖိုးငွေကျပ်သန်းပေါင်း ၉၄၀၇ ဒသမ ၅၆ ဖြစ်ရာ နည်းသည့်ငွေကြေးမဟုတ်ပေ။ ပြည်သူတို့၏ အနှစ်နှစ်အလလက ရှာဖွေစုဆောင်းခဲ့သော ငွေကြေးဥစ္စာ အိုးအိမ်များမှာ မီးကြောင့်ဆုံးရှုံးပျက်စီးခဲ့ရသည်။

<u>*မီးလောင်ရခြင်း*</u>

ယခုပွင့်လင်းရာသီရောက်လာပြီဖြစ်သည်။ မီးလောင်မှုများ ဖြစ်ပွားမြင်တွေ့ကြားသိရနေရသည်။ ထို့ကြောင့် မိမိတို့ ရုံး၊ နေအိမ်၊ အဆောက်အအုံနှင့် လုပ်ငန်းခွင်များ၌ မီးမတော်တဆမှုမှတစ်ဆင့် မီးလောင်မှု မဖြစ်ပွားစေရန် အထူးသတိပြုရမည်ဖြစ်သည်။ မီးလောင်မှုဖြစ်ပွားရခြင်းမှာ လျှပ်စစ်မီး၊ မီးဖိုမီး၊ ပေါ့ဆမီးနှင့် တောမီးများမှတစ်ဆင့် ကူးစက်လောင်ကျွမ်းခြင်းဖြစ်သည်။

<u>*လျှပ်စစ်ဓာတ်အား*</u>

လျှပ်စစ်ဓာတ်သုံးစွဲမှုကြောင့် မီးလောင်မှုဖြစ်ပွားရခြင်းမှာ လျှပ်စီးပတ်လမ်း တိုတောင်းသွားပြီး ဓာတ်အား ရုတ်တရက်ပေါက်ကွဲထွက်ခြင်း၊ လျှပ်စစ်ဓာတ်အားကို လိုသည်ထက် ပိုမိုလွန်ကဲစွာဖြင့် အချိန်ကြာကြာသုံးစွဲခြင်း၊ လျှပ်စစ်ဓာတ်အားကြိုးများ တစ်စိတ်တစ်ပိုင်း ပြတ်တောက်ရာမှ မီးလောင်မှုဖြစ်ခြင်း၊ လျှပ်စီးကြောင်းဖြစ်ပေါ်သည့်အချိန် မီးအသုံးပြုမိသဖြင့် ရုတ်တရက် မီးလောင်မှုဖြစ်ပွားခြင်း၊ ဓာတ်ကြိုးများ ဟောင်းနွမ်းမှုကြောင့် ဓာတ်အားယိုပေါက်ခြင်းနှင့် ဓာတ်အားစိမ့်ထွက်ခြင်း၊ ဓာတ်ကြိုးများ ဆက်သွယ်မှုအားနည်းရာမှ လျှပ်စစ်ဓာတ်စီးမှု ချွတ်ယွင်းပြီး အပူဓာတ်ထွက်ရှိကာ မီးလောင်တတ်ခြင်းတို့ဖြစ်သည်။ အရေးအကြီးဆုံးမှာ ရုံး၊ နေအိမ်၊ လုပ်ငန်းခွင်များ၌ လျှပ်စစ်ဓာတ်အား အသုံးပြုပြီး မလိုအပ်ပါက မီးခလုတ်များပိတ်ရန်၊ ဓာတ်အားဖြတ်တောက်ရန် သတိကြီးစွာထားပြီး ပြုလုပ်ကြရမည်ဖြစ်သည်။ လျှပ်စစ်ဓာတ်ကြောင့် မီးလောင်မှုများမဖြစ်ပွားရန် အချိန်ကြာမြင့်စွာ သုံးစွဲထားပြီးဖြစ်သည့် ဟောင်းနွမ်းဆွေးမြည့်နေသော ဝိုင်ယာကြိုး၊ မီးခလုတ်များ၊ မီးခေါင်းများ၊ ပျက်စီးပေါက်ပြဲနေသော လျှပ်စစ်ကြိုးများကို တိပ်ပြားဖြင့်ပတ်၍ အသုံးပြုခြင်းများကို ရှောင်ကြဉ်ရမည်ဖြစ်သည်။ စိတ်ချရသည့် ဝိုင်ယာကြိုး၊ မီးခလုတ်၊ လျှပ်ကာပစ္စည်းများကိုသာ လဲလှယ်အသုံးပြုရမည်ဖြစ်သည်။ ပြည်သူတိုင်း အထူးသတိပြုရမည်မှာ လျှပ်စစ်ဓာတ်အားကို သတ်မှတ်ချက်ထက်ပိုမိုလွန်ကဲစွာ အသုံးမပြုကြရန်ပင်ဖြစ်သည်။

<u>*ရုံးခန်းများ*</u>

ရုံးခန်းများ၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စာရွက်စာတမ်းများကို ရှုပ်ပွနေအောင်မထားဘဲ စနစ်တကျထားရမည်။ ဗီရို၊ စားပွဲများ အကွာအဝေးသတ်မှတ်ချက်အတိုင်းထား၍ အသုံးပြုရမည်။ လုံလောက်သော အမှိုက်ခြင်းများထားရှိရမည်။ အမှိုက်များကို ခြင်းအတွင်းစနစ်တကျ စွန့်ပစ်ခြင်းနှင့် နေ့စဉ်အမှိုက်ခြင်းမှ အမှိုက်များကို စွန့်ပစ်ရမည်။ ဆေးလိပ်တို၊ ဆေးလိပ်ပြာခွက်များကို စနစ်တကျ သိမ်းဆည်းရမည့်အပြင် လျှပ်စစ်မီးများကို ရုံးပြန်ချိန်၌ ဂရုတစိုက်ပိတ်ခြင်း၊ စစ်ဆေးခြင်းပြုလုပ်ရမည်။ မီးခလုတ်နှင့် မီးကြိုးလိုင်းများ ကောင်းမကောင်းကို နွေရာသီ၌ အနည်းဆုံး နှစ်ပတ်နှစ်ကြိမ် စစ်ဆေးနေရမည်ဖြစ်သည်။

<u>*ကြိုတင်ပြင်ဆင်မှု*</u>

သက်ဆိုင်ရာရုံးနှင့် စက်ရုံ အဆောက်အအုံများတွင် မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းထားသင့်သည်။ မီးလောင်မှုဖြစ်ပွားပါက သက်ဆိုင်ရာ မီးသတ်သို့ သတင်းပို့ရန်၊ မီးငြိမ်းသတ်ရန်နှင့် ရေပုံး၊ မီးချိတ်၊ မီးကပ်များ အသင့်ရှိနေစေရန်အပြင် မီးအချိန်မီ ငြိမ်းသတ်နိုင်ရေး အဖွဲ့လိုက် ကြိုတင်လေ့ကျင့်မှုများပြုလုပ်ကြပြီး ပြင်ဆင်ထားကြရမည်ဖြစ်သည်။

တစ်ဖန် တောမီးမှတစ်ဆင့် မီးကူးစက်မလောင်ကျွမ်းရန် ကြိုတင်ကာကွယ်မှုအဖြစ် ရုံးအဆောက်အအုံများ၊ ဝန်ထမ်းများနေအိမ်နှင့် အနည်းဆုံး ၁၅ကိုက် အကျယ်အဝန်းကို အပြောင်ခုတ်ထွင်ရှင်းလင်းထားရမည်ဖြစ်သည်။ တစ်ဖက်တွင် တောထူထပ်ပါက ကိုက် ၅၀အကွာကျယ်ဝန်းသည့် မီးတားလမ်းအဖြစ် အပြောင်ခုတ်ထွင် ရှင်းလင်းထားရန် လိုအပ်သည်။

<u>*ကြိုတင်ကာကွယ်*</u>

ရုံး၊ စက်ရုံ၊ အလုပ်ရုံ၊ ရပ်ကွက်၊ မြို့ရွာများအလိုက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးမှုများ၊ ဟောပြောပွဲများပြုလုပ်၍ ဗဟုသုတများရရှိစေရန် ဆောင်ရွက်ခြင်းဖြင့် မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ရာရောက်ပြီး မီးလောင်မှုဖြစ်ပွားခြင်းများ လျော့ကျစေမည်ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

မီးမလောင်မီ (ပြည်သူတို့၏တာဝန်)

(က) မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့မှ မီးဘေးလုံခြုံရေးအတွက် ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ပါ။

(ခ) ရပ်ကွက်များတွင် မီးဘေးလုံခြုံရေးအတွက် မီးကင်းများ ချထားရာတွင် ကူညီဆောင်ရွက်ပါ။

(ဂ) မီးသတ်တပ်ဖွဲ့မှ မီးဘေးလုံခြုံရေးအတွက် လာရောက်စစ်ဆေးသည့်အခါ ကူညီပေးရန်နှင့် အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ပါ။

(ဃ) မီးဘေးတားဆီးရေးအတွက် ပြည်သူလူထုမှ ကူညီဆောင်ရွက်ကြပါ။

(င) မိမိအိမ်မှစတင်ပြီး မီးမလောင်စေရေး၊ ကြိုတင်ကာကွယ်ရေး အစီအစဉ်များ ဆောင်ရွက်ထားပါ။

(စ) အိမ်တိုင်းတွင် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများကို အသင့်ထားရှိပါ။

(ဆ) မီးလောင်ကြောင်း အချက်ပေးနိုင်ရန်အတွက် သံချောင်း၊ အုန်းမောင်း၊ ကုလားတက်၊ ဖားစည်၊ မောင်း အစရှိသည့် ပစ္စည်းများ အသင့်ထားရှိပါ။

(ဇ) ပူပြင်းသောရာသီအချိန်များတွင် တဲအိမ်များ၌ မြေစိုက်မီးဖိုများ ပြုလုပ်သုံးစွဲပါ။

(ဈ) အရိပ်ရပင်၊ လေကာပင်များ စိုက်ပျိုးထားရှိပါ။

(ည) မီးသတ်ယာဉ်များ အစဉ်ကောင်းမွန်စေရေးအတွက် လှူဒါန်းပံ့ပိုးပေးကြပါ။

သဲကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

သဲကုန်းမြို့နယ်အသင်း၏ (၁၉) ကြိမ် မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ကမ္ဘာအေးဘုရားလမ်းနှင့် ကြားတောရလမ်းထောင့်ရှိ ကုန်သွယ်လယ်ယာမဏ္ဍာရုံ၌ ကျင်းပမည် ဖြစ်သည်။ အသင်း၏ ၇၅နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ၊ နာယကများ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများအားလုံး ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ (မြန်မာ့အလင်း)

ကလိမ်စေ့ငြမ်းဆင် အလိမ်တကာ့ဘုရင်တို့၏ မိုးလုံးပြည့် မုသာဝါဒများ (၁)

သဲတစ်ပွင့်

ကျွန်တော်ဟာ ပြည်သူထဲက ပြည်သူတစ်ယောက်ပါ။ ကိုယ်ပိုင်အလုပ်ကလေးလုပ်ပြီး တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနဲ့ နေနေရတဲ့ လက်ရှိဘဝမှာ ပျော်ပိုက်နေသူပါ။ သို့သော်လည်း ကိုယ့်နိုင်ငံအရေးအရာ ကိစ္စများကစပြီး နိုင်ငံတကာဇာတ်ပုံသတင်းအထိ လေ့လာလိုက်စားမှတ်သားတတ်တဲ့ ဝါသနာကြောင့် စာဖတ်တာရော၊ ရေဒီယိုနားထောင်တာ၊ ရုပ်မြင်သံကြားကြည့်တာမကျန် ပုံမှန်အလေ့အထတစ်ခုဖြစ်နေပါပြီ။ ဒါကြောင့်လည်း ဖြစ်ပျက်နေတဲ့ အခြေအနေတွေအပေါ် အားလုံးခြုံမိငုံမိ သိသင့်သလောက် သိနေတယ်ဆိုပါတော့။

ကျွန်တော်သိနေသမျှနဲ့ ဒီနေ့ဖြစ်ပေါ်နေတဲ့ အခြေအနေအရပ်ရပ်ကို ပြန်သုံးသပ်ကြည့်လိုက်တော့ အခုတလော BBC, VOA , RFA, DVB တို့ကနေ တပ်မတော်ဖြိုခွဲရေး ထုတ်လွှင့်ချက်တွေ ဆက်တိုက်ဆိုသလို လွှင့်လာတာကို သတိပြုမိပါတယ်။ ဒါ့အပြင် အခုနောက်ပိုင်း တပ်မတော်ကိုသာမက ရဲတပ်ဖွဲ့အတွင်းကိုပါ သွေးခွဲသပ်လျှို လုပ်ကြံမှုတွေ လုပ်လာတာကို တွေ့ရပါတယ်။ ဒါ့အပြင် ၂၀၁၀ခုနှစ် ရွေးကောက်ပွဲကြီး နီးလာတာနဲ့အမျှ ပြည်တွင်းပုဆိန်ရိုးတွေနဲ့ ပြည်ပမိုးလုံးပြည့်မုသာဝါဒ အသံလွှင့်ဌာနတွေ ပူးပေါင်းပြီး ၂၀၁၀ရွေးကောက်ပွဲကြီး မပျက်ပျက်အောင်၊ လက်ရှိ ရရှိထားတဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းတွေ နှောင့်နှေးရပ်တန့် ပျက်ပြားသွားအောင် အမျိုးမျိုး လုပ်ကြံသွေးထိုး ထုတ်လွှင့်မှုတွေဟာ မိုးဦးကျဖားတွေထက်ကို ပိုဆိုးပြီး ပွက်လောညံလာတာ သတိပြုလာမိပါတယ်။ ဒါဟာ ကျွန်တော်တို့ နိုင်ငံနဲ့ပြည်သူရဲ့ အနာဂတ်အတွက် ကြီးမားတဲ့အန္တရာယ်တွင်းဆီကို ဦးတည်နေပြီလို့ ကျွန်တော် ယုံကြည်မိပါတယ်။ ဒါကြောင့်လည်း မိုးလုံးပြည့်မုသာဝါဒီတွေရဲ့ လိမ်ညာထုတ်လွှင့်ချက်တွေကို ကျွန်တော့်လို အများပြည်သူ သတိမူနိုင်အောင် ဒီဆောင်းပါးကို ကြိုးစားပြီး ရေးသားရခြင်း ဖြစ်ပါတယ်။

ပြည်ပအသံလွှင့်ဌာနတွေအနေနဲ့ တပ်မတော်ဖြိုခွဲရေး ဦးတည်ထိုးနှက်တိုက်ခိုက်နေသလို တစ်ဖက်ကလည်း ငြိမ်းချမ်းရေးရယူထားတဲ့ လက်နက်ကိုင်အဖွဲ့များနဲ့ ထာဝရ ငြိမ်းချမ်းရေးအတွက် အာမခံချက်ပေးနိုင်အောင် နယ်ခြားစောင့်တပ်အသွင်ပြောင်း ဖွဲ့စည်းရေး ညှိနှိုင်းဆောင်ရွက်မှုများအပေါ် ကဖျက်ယဖျက် ဇလောင်းဇလဲစကားတွေ တွင်တွင်ပြောပြီး မပျက် ပျက်အောင် ဖျက်နေတာကိုလည်း ကြားနေရပါတယ်။ အလားတူ နိုင်ငံရေးအကျဉ်းသားကိစ္စ၊ လူ့အခွင့်အရေးကိစ္စ၊ သတင်းလွတ်လပ်ခွင့်ကိစ္စ၊ အစိုးရဆန့်ကျင်ဘက်ပါတီတွေရဲ့ အရေးအရာကိစ္စဆိုတာတွေဟာလည်း မပါမဖြစ် နေ့စဉ်နေ့ရောညပါ စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးနေတဲ့ အပ်ကြောင်းထပ်သတင်းတွေ ဖြစ်နေပါပြီ။ တစ်ချိန်တည်းမှာပဲ နိုင်ငံတော်အစိုးရ မကောင်းကြောင်း၊ မတရားကြောင်း၊ နိုင်ငံနဲ့ပြည်သူတွေ ဆင်းရဲမွဲတေ ကျပ်တည်းနေကြပြီဖြစ်ကြောင်း၊ နိုင်ငံရေးပါတီတစ်ရပ်အပေါ် မတရားသဖြင့် အနိုင်ကျင့်နေကြောင်း စတာတွေဟာလည်း အသံသာပြောင်းသွားမယ်၊ အကြောင်းအရာတွေကတော့ ဘယ်တော့မှ မပြောင်းတဲ့ ပင်တိုင်လံကြုပ် ထုတ်လွှင့်ချက်တွေပါပဲ။

ဒီထုတ်လွှင့်ချက်တွေအားလုံးကို ပြန်သုံးသပ်ကြည့်ရင် အမှန်တရားဆိုတာ မပါသလောက်ဖြစ်နေပြီး မြန်မာပြည်သူတွေ ယုန်ထင်ကြောင်ထင်ဖြစ်အောင်၊ စိတ်နှလုံးပူပန် ညှိုးနွမ်းဆင်းရဲရအောင်၊ အဲဒီလိုပူပန်ကြောင့်ကြမှုကတစ်ဆင့် ရုတ်ရုတ်သဲသဲ အခြေအနေတွေ ဖြစ်ပေါ်လာအောင် အကြံဆိုး၊ ရည်ရွယ်ချက်ဆိုးတွေနဲ့ ထုတ်လွှင့်နေခြင်းဖြစ်တယ်ဆိုတာ လယ်ပြင်မှာဆင်သွားသလို ထင်ရှားလှပါတယ်။ ဒီသတင်းတွေဟာ မဟုတ်မမှန် လုပ်ကြံသတင်းတွေမှန်းသိပါလျက်နဲ့၊ ပြည်တွင်းပုဆိန်ရိုးတွေက အကွက်ချဖန်တီးပေးပို့နေတဲ့ လီဆယ်လိမ်ညာသတင်းတွေမှန်းသိပါလျက်နဲ့ အခုလို ပြည်ပအသံလွှင့်ဌာနတွေက သာသာထိုးထိုး အဆစ်ထပ်ပိုးပြီး ရွှန်းရွှန်းဝေအောင် အားပါးတရ ထုတ်လွှင့်ပေးနေကြတာဟာ ကျွန်တော်တို့ နိုင်ငံနဲ့ ပြည်သူကို ခေတ်သစ်ကိုလိုနီ ကျွန်ပြုနိုင်ဖို့အထိ ရေရှည်စီမံချက်နဲ့ ရည်ရွယ်ချက်ရှိရှိ အကွက်ချကြံစည်လုပ်ဆောင်နေခြင်းပဲ ဖြစ်တယ်လို့ ကျွန်တော် ရှုမြင်မိပါတယ်။

တကယ်တမ်းပြောရရင် အဲဒီမိုးလုံးပြည့် မုသာဝါဒီ အသံလွှင့်ဌာနတွေဟာ ကျွန်တော်တို့ပြည်သူတွေ ဒီနေ့ဒီအခြေအနေလို အေးအေးချမ်းချမ်းနဲ့ ဖွံ့ဖြိုးတိုးတက်နေတာ မုဒိတာမပွားနိုင်ကြပါဘူး။ သူတို့က ကျွန်တော်တို့ကို ယုန်ထင် ကြောင်ထင်အတွေးတွေနဲ့ ပူပူပန်ပန် ကြောင့်ကြောင့်ကြကြ ရုတ်ရုတ်သဲသဲ ဖြစ်နေစေချင်တာပါ။ ဆင်းရဲမွဲတေ ကျပ်တည်းပြီး အရာရာမှာ ဒေါသပေါက်ကွဲနေတာမျိုး ဖြစ်နေစေချင်တာပါ။ ဒါ့အပြင် ပြည်သူနဲ့အတူ တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်နေတဲ့ တပ်မတော်ကို ယိုင်လဲပြိုကွဲသွားတာ၊ အင်အားချည့်နဲ့ တွန့်ဆုတ်သွားတာမျိုး ဖြစ်စေချင်တယ်။ အဲဒီလို အခြေအနေဆိုးတွေရဲ့နောက်မှာ ပြည်ပနောက်မီးဆွဲတွေ ဦးဆောင်ပြီး လူတွေလမ်းပေါ်ထွက် ဆူပူထကြွလာတဲ့ အခြေအနေမျိုးအထိ ရောက်စေချင်တယ်။ နောက်ဆုံး ၈၈အရေးအခင်းလို မရဏလှိုင်းလုံးကြီး ဒုတိယအကြိမ် ထပ်မံတိုက်စား နင်းချေဖျက်ဆီးသွားတာမျိုးအထိ မျှော်လင့်ချင်တယ်။ ဒါကြောင့် သူတို့ရဲ့လုပ်ရပ်တွေဟာ ဒီယုန်မြင်လို့ ဒီချုံထွင်တာမျိုး၊ အသားလိုလို့ အရိုးတောင်းတဲ့လုပ်ရပ်မျိုးဆိုတာ ကျွန်တော့်လိုပဲ ပြည်သူတွေအားလုံး နားလည်သဘောပေါက်ကြပြီး အရိပ်ပြရုံနဲ့ အကောင်မြင်ကြဖို့ အရေးကြီးလှပါတယ်။

အခုလည်း ပြည်တွင်းပုဆိန်ရိုးအုပ်စုနဲ့ ပြည်ပမုသာဝါဒ အသံလွှင့်ဌာနတွေပေါင်းပြီး ၂၀၁၀ရွေးကောက်ပွဲကို မပျက်ပျက်အောင်ဖျက်ဖို့ ကြံစည်လုံ့လထုတ် စိုင်းပြင်းလာတာ အထင်အရှားပါပဲ။ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူအတွက် အလွန်အရေးကြီးတဲ့ သမိုင်းအလှည့်အပြောင်းတစ်ခုကို မအောင်မြင်အောင် ခြေထိုးနှောင့်ယှက်ဟန့်တားနိုင်ဖို့ သူတို့ရဲ့ အဖျက်အမှောင့် လုပ်ကြံသွေးထိုး လှုံ့ဆော်မှုတွေ အရှိန်အဟုန်မြင့်လာတဲ့ အနေအထားကို တွေ့မြင်နေရပါတယ်။ ဒီပွဲကို ပျက်အောင်ဖျက်နိုင်မှ သူတို့အတွက် မျှော်လင့်ချက် လက်ကျန်လေး အသက်ဆက်နိုင်မှာဖြစ်တဲ့အတွက် မီးကုန်ယမ်းကုန် မပျက် ပျက်အောင်ဖျက်ဖို့ သန္နိဋ္ဌာန်ချထားကြဟန် တူပါတယ်။ ရွေးကောက်ပွဲကြီး နီးလာလေလေ သူတို့ရဲ့ အဖျက်အမှောင့်လုပ်ရပ်တွေ ပိုပြီးအရှိန်မြင့်လာလေ ဖြစ်မယ်ဆိုတာ ပြေးကြည့်စရာမလိုဘဲ တွေးကြည့်ရုံနဲ့တင် အဖြေပေါ်နေပါပြီ။

ပြည်တွင်းပုဆိန်ရိုးအုပ်စုနဲ့ ပြည်ပမုသာဝါဒ အသံလွှင့်ဌာနတွေပေါင်းပြီး ၂၀၁၀ရွေးကောက်ပွဲကို မပျက် ပျက်အောင်ဖျက်ဖို့ ကြံစည်လုံ့လထုတ် စိုင်းပြင်းလာတာ အထင်အရှားပါပဲ။ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူအတွက် အလွန်အရေးကြီးတဲ့ သမိုင်းအလှည့်အပြောင်းတစ်ခုကို မအောင်မြင်အောင် ခြေထိုးနှောင့်ယှက်ဟန့်တားနိုင်ဖို့ သူတို့ရဲ့ အဖျက်အမှောင့် လုပ်ကြံသွေးထိုး လှုံ့ဆော်မှုတွေ အရှိန်အဟုန်မြင့်လာတဲ့ အနေအထားကို တွေ့မြင်နေရပါတယ်။ ဒီပွဲကို ပျက်အောင်ဖျက်နိုင်မှ သူတို့အတွက် မျှော်လင့်ချက် လက်ကျန်လေး အသက်ဆက်နိုင်မှာဖြစ်တဲ့အတွက် မီးကုန်ယမ်းကုန် မပျက် ပျက်အောင်ဖျက်ဖို့ သန္နိဋ္ဌာန်ချထားကြဟန် တူပါတယ်။ ရွေးကောက်ပွဲကြီး နီးလာလေလေ သူတို့ရဲ့ အဖျက်အမှောင့်လုပ်ရပ်တွေ ပိုပြီးအရှိန်မြင့်လာလေ ဖြစ်မယ်ဆိုတာ ပြေးကြည့်စရာမလိုဘဲ တွေးကြည့်ရုံနဲ့တင် အဖြေပေါ်နေ။

ကျွန်တော် မှတ်သားနားလည်မိသလောက် ပြောရရင် BBC, VOA, RFA, DVB စတဲ့ မိုးလုံးပြည့်မုသာဝါဒ အသံလွှင့်ဌာနတွေဟာ ဘယ်တုန်းကများ မှန်တာကို ပြောခဲ့ဖူးပါသလဲ။ ပြောရရင် ၁၉၈၈နောက်ပိုင်းကစပြီး အခုအချိန်အထိ ဘယ်သောအခါကမျှ အမှန်တရားဘက်က ရပ်တည်ထုတ်လွှင့်ခဲ့တာမျိုး မရှိသလောက်ပါပဲ။ အကယ်၍ သတင်းအမှန်ဆိုတာ ပါလာခဲ့တယ်ဆိုရင်တောင် ကျွန်တော်တို့နိုင်ငံနဲ့၊ ပြည်သူနဲ့ မပတ်သက်တဲ့ အခြားနိုင်ငံက သတင်းလိုမျိုး၊ ချန်ပီယံလိဂ် ဘောလုံးပွဲအနိုင်အရှုံးလိုမျိုး သတင်းလောက်ပဲ ဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့နိုင်ငံနဲ့ပတ်သက်တဲ့ ထုတ်လွှင့်ခဲ့သမျှ သတင်းအားလုံးကတော့ ရာနှုန်းပြည့် မုသာဝါဒတွေချည်းပါပဲ။ ဒါကို ကျွန်တော်တို့ပြည်သူတွေ ကောင်းကောင်းသိထားပါတယ်။

သာမန်အားဖြင့် သတင်းဆိုတာ ဖြစ်ရပ်မှန်ကို ဆိုလိုပါတယ်။ အမှန်ကိုဖုံးကွယ်ပြီး အမှားသတင်း၊ လိမ်ညာဖန်တီး လုပ်ကြံသတင်းများကို အနက်ရောင် မီးခိုးမှိုင်းတိုက်တဲ့ သတင်းများအဖြစ် သတ်မှတ်ပါတယ်။ မုသားသတင်းတွေနဲ့ လူတွေ လမ်းမှားရောက်အောင် မှိုင်းတိုက်တဲ့ သတင်းလုပ်ရပ်တွေ ဖော်ပြထုတ်လွှင့်ခြင်းကို အမှောင်သတင်းစာပညာ (Black Journalism) လို့ခေါ်ကြောင်း၊ အဲဒီလိုပဲ သတင်းအမှန်ကို ပြန်ကြားထုတ်လွှင့်ခြင်းမပြုဘဲ မဟုတ်မမှန် လုပ်ကြံသတင်းများ ပြန်ကြားထုတ်လွှင့်ခြင်းကို ပြောင်းပြန် ဇောက်ထိုးပြန်ကြားမှု (Disinformation)လို့ခေါ်ကြောင်း ကျွန်တော်လေ့လာမှတ်သားဖူးပါတယ်။ မှတ်သားထားတာတွေနဲ့ ပြန်ချိန်ထိုးကြည့်တော့ ၁၉၈၈ခုနှစ် အရေးအခင်းမှာ BBC, VOA အပါအဝင် မုသာဝါဒ အသံလွှင့်ဌာနတွေဟာ Black Journalism နဲ့ Disinformation နည်းလမ်းတွေကိုသုံးပြီး တစ်နိုင်ငံလုံး ကြီးမားတဲ့ဆူပူအုံကြွဆန့်ကျင်မှုကြီးဖြစ်လာအောင် နှတ်ကြောင်းပေး ပုံဖော်ဖန်တီးလုပ်ဆောင်ခဲ့တာပါလားဆိုတာ နားလည်လာရပါတယ်။

အဲဒီကာလတုန်းက ကျွန်တော်တို့နိုင်ငံကို ကျွမ်းထိုးမှောက်ခုံ ပြောင်းဆန်အောင် မွေနှောက်ကိုင်လှုပ်ခဲ့သူတွေထဲမှာ အထင်ရှားဆုံးကတော့ BBC သတင်းထောက် ခရစ္စတိုဖာဂန်းနက်(စ်)ပါပဲ။ BBC နဲ့ ဂန်းနက်(စ်)တို့ဟာ အဲဒီ Black Journalism နဲ့ Disinformation နည်းလမ်းတွေကို တွင်တွင်ကျယ်ကျယ်သုံးပြီး တိုင်းပြည်ပျက်အောင် လုပ်ခဲ့ကြတာပါ။ ဒါတွေနဲ့ပတ်သက်ပြီး မှတ်တမ်းအထောက်အထားတွေ အများကြီးရှိခဲ့သလို ပြည်သူအများစုကြီးကလည်း ဖြစ်ရပ်မှန်၊ အခြေအနေမှန်တွေကို ခရေစေ့တွင်းကျ သိနားလည်ထားပြီး ဖြစ်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။

တကယ်တော့ ၈၈အရေးအခင်းဆိုတာ BBC တို့၊ ခရစ္စတိုဖာဂန်းနက်(စ်)တို့က အကွက်ချ ဖော်ဆောင်သွားတဲ့ နိုင်ငံရေးကစားပွဲတစ်ရပ်သာဖြစ်ပါတယ်။ BBC နဲ့ ခရစ္စတိုဖာဂန်းနက်(စ်)တို့ လေလှိုင်းပေါ်က လိမ်ညာထုတ်လွှင့်သမျှ လက်ညှိုးထောင်ခေါင်းညိတ်ခဲ့ရပြီး လေလှိုင်းပေါ်က အခါပေးသမျှ လိုက်နာလုပ်ဆောင်ခဲ့ကြရင်း ဆူပူမှုအရှိန်အဟုန် မြင့်သထက်မြင့်လာပြီး ၈၈အရေးအခင်းဆိုတဲ့ တိုင်းဆူပြည်ဖျက်ပွဲကြီး ဖြစ်ပွားခဲ့ရခြင်းသာ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့တွေဟာ သေနတ်မကိုင်၊ ဓားမကိုင်ပေမယ့် အများပြည်သူရဲ့ အသက်အိုးအိမ်စည်းစိမ်ပေါင်း မြောက်မြားစွာကို ပျက်စီးဆုံးရှုံးသွားစေခဲ့တဲ့ လေလှိုင်းပေါ်က လူသတ်သမားစစ်စစ်ကြီးတွေ ဖြစ်တယ်လို့ ဆိုချင်ပါတယ်။

အရေးအခင်းကာလတုန်းက ခရစ္စတိုဖာဂန်းနက်(စ်)ဟာ ဆူပူအုံကြွနေတဲ့ လူအုပ်ကြီးကို ဆူပူမှုအရှိန်မြှင့်ပြီး ထိန်းမနိုင် သိမ်းမရဖြစ်အောင် ဆွပေးခဲ့တဲ့ ကလိမ်ကကျစ် တွေ့ဆုံမေးမြန်းခန်းတစ်ခု လုပ်ကြံဖန်တီး လွှင့်ထုတ်ခဲ့ဖူးပါတယ်။ အဲဒီထုတ်လွှင့်ချက်နဲ့ ပတ်သက်တဲ့ ဖြစ်စဉ်ဖြစ်ရပ်အမှန်တွေကို "မိုးလုံးပြည့်မုသာဝါဒများ၊ ဘီဘီစီ၊ ဗွီအိုအေ၊ အေအိုင်အာရ် အသံလွှင့်ချက်များနှင့် ၄င်းတို့အပေါ် ချေပချက်များ" ဆိုတဲ့ စာအုပ်တွေထဲမှာ အတိအကျ ရေးသားထားတာကို တွေ့ရှိရပါတယ်။ တကယ့်အဖြစ်မှန်ကတော့ ဆူပူမှုအရှိန်အဟုန်ကောင်းနေတဲ့ ၂၈-၇-၁၉၈၈ရက်နေ့မှာ BBC သတင်းထောက် ခရစ္စတိုဖာဂန်းနက်(စ်)ဟာ ယခုနောက်ပိုင်း ၈၈မျိုးဆက် ကျောင်းသားအမည်ခံအုပ်စုက နေမင်း၊ ငွေးအောင်၊ ငွေးကြွယ်၊ ကိုကိုလတ်တို့နဲ့ ပေါင်းပြီး လုပ်ကြံဖန်တီး တွေ့ဆုံမေးမြန်းခန်းတစ်ခုကို ကြိုတင်

4-2 (08-09).pmd 1 2/4/2010, 2:07 AM

တကယ်တော့ ၈၈ အရေးအခင်းဆိုတာ BBC တို့၊ ခရစ္စတိုဖာဂန်းနက်(စ်)တို့က အကွက်ချ ဖော်ဆောင်သွားတဲ့ နိုင်ငံရေးကစားပွဲတစ်ရပ်သာဖြစ်ပါတယ်။ BBC နဲ့ ခရစ္စတိုဖာဂန်းနက်(စ်)တို့ လေလှိုင်းပေါ်က လိမ်ညာ ထုတ်လွှင့်သမျှ လက်ညှိုးထောင် ခေါင်းညိတ်ခဲ့ရပြီး လေလှိုင်းပေါ်က အခါပေးသမျှ လိုက်နာလုပ်ဆောင်ခဲ့ကြရင်း ဆူပူမှုအရှိန်အဟုန် မြင့်သထက်မြင့်လာပြီး ၈၈ အရေးအခင်းဆိုတဲ့ တိုင်းဆူပြည်ဖျက်ပွဲကြီး ဖြစ်ပွားခဲ့ရခြင်းသာဖြစ်ပါတယ်။ ဒါကြောင့် သူတို့တွေဟာ သေနတ်မကိုင်၊ ဓားမကိုင်ပေမယ့် အများပြည်သူရဲ့ အသက်အိုးအိမ် စည်းစိမ်ပေါင်း မြောက်မြားစွာကို ပျက်စီးဆုံးရှုံးသွားစေခဲ့တဲ့ လေလှိုင်းပေါ်က လူသတ်သမားစစ်စစ်ကြီးတွေဖြစ်။

အကွက်ချ ဆောင်ရွက်သွားခဲ့ပါတယ်။ ရန်ကုန်ဆေးရုံကြီးမှာ ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦးအဖြစ် သူနာပြုလုပ်အားပေးနေတဲ့ ကမာရွတ်မြို့နယ်နေ ကျောင်းသူ မအေးငြိမ်းသူကို ငွေကြွယ်တို့ အုပ်စုက စမ်းချောင်းဘက်ကို လိမ်ခေါ်သွားပြီး ခရစ္စတိုဖာဂန်းနက်(စ်)နဲ့ တွေ့ပေးခဲ့တယ်လို့ ဆိုပါတယ်။ တွေ့တဲ့အခါ သူတို့ ရေးပေးထားတဲ့ လုပ်ကြံဇာတ်ညွှန်းအတိုင်း အမေးအဖြေပုံသဏ္ဌာန် ပြုလုပ်အသံသွင်းပေးဖို့ အတင်းအကျပ်ဖိအားပေး ခိုင်းစေခဲ့ပါတယ်။

ဒါကြောင့် အေးငြိမ်းသူကလည်း မိမိမှာ ကျောင်းသူတစ်ဦးဖြစ်ပြီး အဖမ်းခံရ၍ အင်းစိန်ထောင်ထဲရောက်ခဲ့ရကြောင်း၊ ထောင်ထဲမှာ ထောင်ဝန်ထမ်းတွေက သူမနဲ့ အခြားကျောင်းသူတွေကို အဓမ္မပြုကျင့်ခဲ့ကြောင်း BBC နဲ့ ခရစ္စတိုဖာဂန်းနက်(စ်)တို့ အလိုကျ လုပ်ကြံအမေးအဖြေ လုပ်ပေးခဲ့ရပါတယ်။ ခရစ္စတိုဖာဂန်းနက်(စ်)နဲ့ အေးငြိမ်းသူတို့ရဲ့ အဲဒီ ကလိမ်ကကျစ် တွေ့ဆုံမေးမြန်းခန်းကို ၆-၈-၈၈ရက် ညပိုင်းမှာ BBC က အချိန်ကိုက် ထုတ်လွှင့်ပေးခဲ့ပါတယ်။ ဒီလုပ်ကြံတွေ့ဆုံမေးမြန်းခန်းရဲ့ ထိရောက်မှုဟာ အလွန်ပဲပြင်းထန်လှပြီး ဆူပူအကြမ်းဖက် မင်းမဲ့စရိုက်ဖုံးလွှမ်းနေတဲ့ လူအုပ်စုထဲ မီးလောင်ဗုံး ပစ်သွင်းလိုက်သလို ရုတ်တရက် ဟုန်းဟုန်းထပေါက်ကွဲပြီး မြန်မာ့သမိုင်းရဲ့ ရှက်ဖွယ်လိလိ အမည်းစက်ကြီးဖြစ်တဲ့ ၈၈ အရေးအခင်းဆိုတာကို ၈-၈-၈၈ရက်နေ့မှာ တစ်မဟုတ်ချင်း မွေးဖွားပေးခဲ့ပါတယ်။ ဒါဟာ ပြည်တွင်းသစ္စာဖောက် ပုဆိန်ရိုးတွေနဲ့ ပြည်ပအသံလွှင့်ဌာနတို့ ပူးပေါင်းပြီး မြန်မာ့သမိုင်းကို အရုပ်ဆိုးအကျည်းတန်အောင်၊ တိုင်းပြည်နဲ့လူမျိုးမှာ ဆုံးရှုံးနစ်နာမှုတွေများအောင် အထင်ကရ လီဆယ်လုပ်ကြံ မှိုင်းတိုက်မှုကြီးပါပဲ။ ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)

၅-၂-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် **(မောရသုတ်+ဝဋ္ဋသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေရှင် (သဲနဲ့ကျောက်)
၈း၃၅ တေးပဒေသာ
၉း၀၀ အစီအစဉ်ပြီး၏။
၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ လေလှိုင်းကြားကမ္ဘာ့တင်သံ
၁၁း၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀ စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် Intermediate Level II
၁၂း၁၀ အလုပ်အကိုင်အခွင့်လမ်း (စက်မှု၊ သက်မွေးဦးစီး)
၁၂း၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး + ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ဘောဂဗေဒ) စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀ Music Talk (9) တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ဖွံ့ဖြိုးဝေစည်တို့မြန်ပြည် (ကယား)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီတေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၁၈း၄၅ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ညချမ်းချိန်ခါတေးပဒေသာ
၁၉း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (အတူတူစားတော့မြိန်လှသည်)
၁၉း၄၅ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (အကယ်ဒမီ ခင်ဇာခြည်ကျော်) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁း၀၀ ဆောင်းပါး (စိတ်ပင်ပန်းမှုသက်သာအောင်ဘာတွေလုပ်ကြမလဲ) ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

သစ်တော သစ်ပင် ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဦးတည်ချက် (၅)ရပ်

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

၂။ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ် တားဆီးရေး၊

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

၅။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

သစ်တောအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ စီမံကိန်း ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၃

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက စီစဉ်ဆောင်ရွက်သည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ စီမံကိန်း ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း/ဦးစီးဌာနများနှင့် တက္ကသိုလ်တို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသော NGO အဖွဲ့အစည်းများဖြစ်သည့် FREDA, ECCDI၊ မြန်မာနိုင်ငံ သစ်ထောက်ခံချက်ပြုရေးကော်မတီ BANCA နှင့် WCS တို့မှ တာဝန်ရှိသူများ၊ အငြိမ်းစား သစ်တောအရာရှိကြီးများ၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန ခရိုင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေး

ဖွင့်ပွဲအပြီးတွင် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ထာဝစဉ် တည်တံ့စေသော သစ်တောအုပ်ချုပ် လုပ်ကိုင်မှုနှင့် သစ်ထောက်ခံချက်ပြုရေး လုပ်ငန်းစဉ်စာတမ်းကို ဦးရွှေကျော် (အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်) ကလည်းကောင်း၊ ခရိုင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းဆောင်ရွက်မှု အခြေအနေ သုံးသပ်တင်ပြခြင်းစာတမ်းကို ဦးစိန်ထွန်း (ညွှန်ကြားရေးမှူး) ကလည်းကောင်း၊ ထာဝစဉ်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့် မြန်မာ့ရွေးချယ်ခြင်းစနစ်စာတမ်းကို ဒေါက်တာညီညီကျော် (ညွှန်ကြားရေးမှူး)ကလည်းကောင်း၊ အမျိုးသား သစ်ထုတ်ခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ အကောင်အထည်ဖော်မှုစာတမ်းကို ဦးမျိုးမြင့် (ဒုတိယ အထွေထွေမန်နေဂျာ) ကလည်းကောင်း ဖတ်ကြားတင်ပြကြပြီး တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။

စာတမ်းများဖတ်ကြား

မွန်းလွဲပိုင်းအစီအစဉ်တွင် ဦးတင်လှ (အငြိမ်းစားညွှန်ကြားရေးမှူးချုပ်) က သဘာပတိအဖြစ် ဆောင်ရွက်ပြီး သစ်တောဦးစီးဌာန တောင်ငူခရိုင်၊ ကသာခရိုင်နှင့် သာယာဝတီခရိုင် တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးများက သက်ဆိုင်ရာ ခရိုင်အသီးသီး၏ သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်စာတမ်းများကို ဖတ်ကြားကြရာ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြပြီး ညနေပိုင်းတွင် ပထမနေ့အစီအစဉ်ကို ရပ်နားလိုက်သည်။

ကျင်းပမည်

အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၄ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကား ပြောကြား

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ စီမံကိန်း ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

IEM Co., Ltd. Show Room ဖွင့်ပွဲနှင့် အရောင်းကိုယ်စားလှယ်ကြီးများ တွေ့ဆုံပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

IEM Co., Ltd. Show Room ဖွင့်ပွဲနှင့် အရောင်းကိုယ်စားလှယ်ကြီးများ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံလမ်း အမှတ်(၇၈) အခန်း A-01 ၌ ကျင်းပသည်။

ရှေးဦးစွာ Su-Kam Power Systems Ltd. မှ General Manager MR. DHANANJAY SHARMA **(ယာပုံ)**က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး Manager- MR. VIKRANT MALHOTRA နှင့် Senior Engineer MR. VIJAYANT SINGH တို့က စက်ရုံ၊ ဆေးရုံ၊ အိမ်နှင့် ရုံးလုပ်ငန်းများတွင် အသုံးပြုနိုင်သော Su-Kam အမှတ်တံဆိပ် UPS ၊ Inverter များနှင့် အဖိုးတန်လျှပ်စစ်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ပေးနိုင်သော LIOA အမှတ်တံဆိပ် ထုတ်ကုန်ပစ္စည်းများကို ရှင်းလင်းပြောကြားသည်။

ရောင်းချပေးမည်

Su-Kam အမှတ်တံဆိပ်တွင် Pure Sine Wave Home UPS, Inverter Sealed Maintenance Free Battery, Online UPS, Safeguard & Torch Light ပစ္စည်းများနှင့် LIOA အမှတ်တံဆိပ် အလိုအလျောက် မီးအားထိန်းညှိစက် (AVS) အဝင်ဗို့အား (50V, 90V, 150V) အထိ လျှပ်စစ်ဓာတ်အား အကျခံနိုင်သော အမျိုးအစားစုံလင်စွာ 1 Phase မှ 3 Phase Automatic Voltage Stabilizer များကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်သည်။

ဝယ်ယူနိုင်

အဆိုပါ ပစ္စည်းများကို IEM Company Limited ရန်ကုန် (ရုံးချုပ်) တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်း အမှတ်(၁၅) ဖုန်း- ၅၄၆၀၆၄နှင့် ၅၄၃၀၃၇၊ အရောင်းပြခန်း ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံလမ်း အမှတ်(၇၈) အခန်းအမှတ် (A-01) ဖုန်း-၄၃၀၀၄၃နှင့် ၀၉-၈၅-၅၃၀၀၄၊ မန္တလေးမြို့ ချမ်းမြသာစည်လေဆိပ်အနီး ရန်ကုန်-မန္တလေးလမ်းမကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုက်တန်းအခန်းအမှတ် (စီ-၁/စီ-၂)၊ ဖုန်း-၀၂-၇၁၃၉၅၊ ၀၉-၅၀-၁၀၉၇၉နှင့် အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

မြေသားလမ်းအတိုင်း ဖြည်းဖြည်းမောင်းဝင်လာစဉ် တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စွာထွန်း ပြောကြားသည့်စကားကို ကြားယောင်နေမိသည်။ "တာချီလိတ်ခရိုင်အတွင်းမှာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရဲ့ အနီးကပ်လမ်းညွှန်မှုနဲ့ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ မြေလွတ်၊ မြေရိုင်းတွေကို တိုးချဲ့လုပ်ကိုင်ပြီး ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝ မြှင့်တင်ရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများ လုပ်ငန်းများ လုပ်ကိုင်ခွင့်ရနိုင်ရေး၊ နိုင်ငံခြားဝင်ငွေရရှိစေရေးနဲ့ သဘာဝဝန်းကျင်ကို နည်းလမ်းတကျ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ မြေလွတ်၊ မြေရိုင်းတွေ

"တာချီလိတ်ခရိုင်အတွင်းမှာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေပါတယ်"

ဦးကျော်စွာထွန်း
ဥက္ကဋ္ဌ၊ တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

ရှမ်းတောင်တန်းတစ်ခိုတွင် စိုက်ပျိုးထားသော ရော်ဘာပင်များနှင့် မူလတန်းစာသင်ကျောင်းအလှကား ပန်းရလျက်….။ ဓာတ်ပုံမှတ်တမ်း-လေးနွယ်(မင်္ဂလာဒုံ)

မှာ ရော်ဘာပင်စိုက်ပျိုးမှုတွေကို အားပေးမှုပြုလုပ်ခဲ့ပါတယ်" ဟု ဦးကျော်စွာထွန်းက ပြောကြားခဲ့သည်ကို ပြန်ကြားယောင်နေမိခြင်းဖြစ်သည်။

ရွှေဖြူလွှမ်းတော့မည်

အတန်ကြာ မော်တော်ယာဉ်မောင်းဝင်ပြီးနောက် ရှေ့တူရူမှ တွေ့မြင်ရသော ရှမ်းတောင်တန်းများပေါ်မှ စိမ်းညို့နေသည့် အပင်များကို မြင်တွေ့လိုက်ရသည်နှင့် "အဲဒါ ရော်ဘာစိုက်ခင်းတွေပေါ့" ဟု အတူလိုက်ပါလာသူတစ်ဦးက လက်ညှိုးထိုးပြီး ပြောပြသည်။ တောင်တန်း၊ တောင်ကုန်းများပေါ်တွင် တစ်မျှော်တစ်ခေါ် စိုက်ပျိုးထားသော ရော်ဘာပင်စိုက်ခင်းများ။ ရှမ်းရိုးမတောင်တန်းများအပေါ် ရွှေဖြူဖုံးလွှမ်းပေတော့မည်။

တောင်ခြေပတ် မြေသားလမ်းအတိုင်း မော်တော်ယာဉ်ဖြင့် မိနစ်အနည်းငယ်ကြာမောင်းဝင်လာခဲ့ပြီးနောက် တောင်ခြေတစ်လျှောက် စီတန်းစွာ စိုက်ပျိုးထားသော ရော်ဘာပင်များဆီသို့ ရောက်ရှိခဲ့လေသည်။ ကားပေါ်မှဆင်းပြီး စိုက်ပျိုးထားသော ရော်ဘာပင်များကို လေ့လာမိသည်။ တောင်ကြောတစ်လျှောက် မြကမ္ဗလာခင်းထားသည့်အလား စိမ်းစိုလန်းဆန်းနေသော ရော်ဘာပင်များကို မြင်တွေ့ရသည်။

ရော်ဘာပင်များ ညီညာစီတန်းစွာ စိုက်ပျိုးထားမှုကို ကြည့်ရှုလေ့လာပြီးနောက် ရော်ဘာစိုက်ခင်းပိုင်ရှင်တစ်ဦးဖြစ်သူ ဦးစိုင်းကျော်ဝေနှင့် တွေ့ဆုံကာ သိလိုသည့် အချက်များကို မေးမြန်းခဲ့သည်။

"ရော်ဘာစိုက်ခင်းကတော့ ဧက ၆၀၀ ရှိပါတယ်။ စတင်စိုက်ပျိုးခဲ့တာကတော့ ၂၀၀၅ခုနှစ် ဇွန်လကဖြစ်ပြီး အခုဆိုရင် ငါးနှစ်သားအရွယ် ရော်ဘာပင်တွေ အဖြစ်ရောက်ရှိလာပြီပေါ့။ စပြီးစိုက်ပျိုးတဲ့ အချိန်ကတော့ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းနဲ့ ဆက်သွယ်ပြီး အကြံဉာဏ်တွေ ယူခဲ့ရတယ်။ ဒေသနဲ့ကိုက်ညီတဲ့ RRIM-600 မျိုးနဲ့ GT-1 မျိုးတွေကို စိုက်ပျိုးခဲ့တာပါ" ဟု ဦးစိုင်းကျော်ဝေက ရှင်းပြသည်။

စနစ်တကျပြင်ဆင်

တောင်ကြောတစ်လျှောက် ရော်ဘာပင်များကို ဖြတ်သန်းတိုက်ခတ်လာသည့် လေက အေးစိမ့်လျက်ရှိသည်။ ရော်ဘာပင်များ မစိုက်ပျိုးမီ တောခုတ်ခြင်း၊ စိုက်ပျိုးရန် ကွန်တိုပန္နက်ရိုက်ခြင်း၊ ကွန်တိုလိုင်းဖော်ခြင်း၊ စိုက်ကျင်းတူးခြင်း၊ နွားချေးမြေဩဇာထည့်ခြင်း၊ စိုက်ကျင်းဖုံးခြင်း လုပ်ငန်းများကို အချိန်ယူကာ စနစ်တကျ ပြင်ဆင်ပြုလုပ်ခဲ့ရသည်။

စတင်ထုတ်ယူ

"ရော်ဘာပင်တွေ စတင်စိုက်ပျိုးတာကတော့ ၂၀၀၅ ခုနှစ် ဇွန်လ ၁၈ရက်နေ့ ဖြစ်ပါတယ်။ ဇူလိုင်လမှာ ဧက ၂၅၀ စိုက်ပျိုးခဲ့ပြီး ၂၀၀၆ ခုနှစ်မှာ ဧက ၁၅၀၊ ၂၀၀၇ ခုနှစ်မှာ ဧက ၁၀၀နဲ့ ၂၀၀၈ ခုနှစ်မှာ ဧက ၁၀၀ ပြီးစီးခဲ့ပါတယ်။ စိုက်ခင်းတစ်ခုလုံးအနေနဲ့ စိုက်ပျိုးတဲ့စနစ်ကတော့ ကွန်တို ၂၈ပေ × ၈ပေ စနစ်ပဲ ဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ် စက်တင်ဘာလမှာ ရော်ဘာအပင် ၅၀၀၀ကို စံစိုက်ခင်းအဖြစ် သတ်မှတ်ပြီး ရော်ဘာအစေးတွေ စတင်ထုတ်ယူတော့မှာဖြစ်ပါတယ်။ ဒီလိုသတ်မှတ်ပြီး ရော်ဘာအစေးတွေထုတ်ယူတာဟာ ရော်ဘာအတွက်နှုန်းခန့်မှန်းချင်လို့ ဖြစ်ပါတယ်" ဟု ၄င်းက ဆက်လက်ရှင်းပြသည်။

မျိုးကောင်းမျိုးသန့်

ဦးစိုင်းကျော်ဝေ စိုက်ပျိုးထားသော ရော်ဘာပင်များသည် အားလုံးသန်စွမ်းစွာ ပေါက်လျက်ရှိရာ မျိုးကောင်းမျိုးသန့်ကို ရွေးချယ်ခြင်း၊ စနစ်တကျ စိုက်ပျိုးခြင်း၊

"လာမယ့်နှစ်မှာ ရော်ဘာပင်တွေမှ ရော်ဘာအစေးတွေ စတင်ထုတ်ယူတော့မှာပါ"

ဦးစိုင်းကျော်ဝေ။

အားဆေးနှင့် ပိုးသတ်ဆေးများကို အချိန်မှန်ပက်ဖျန်းခြင်းများကို ဂရုတစိုက် ကြပ်မတ်ဆောင်ရွက်ထားခြင်းကြောင့် အောင်မြင်ဖြစ်ထွန်းနေခြင်းဖြစ်သည်။ အောင်မြင်သော ရော်ဘာပင်တစ်ပင်၏ အနေအထားမှာ ရော်ဘာအပင်ခြေရင်းမှ သုံးပေအမြင့်တွင် လုံးပတ်အရွယ်အစား ၁၈လက်မ ရှိရမည်ဖြစ်သည်။ ဦးစိုင်းကျော်ဝေ၏ ရော်ဘာပင်များမှာ လက်ရှိအချိန်၌ ၁၇ လက်မ အရွယ် ရှိနေပြီဖြစ်ရာ မကြာမီ အစေးခြစ်ယူရန် အသင့်အနေအထား ရောက်ရှိတော့မည်ဖြစ်သည်။

အကောင်အထည်ဖော်

"အခုစိုက်ပျိုးထားတဲ့ ရော်ဘာပင်တွေက စုစုပေါင်း အပင် ၁၀၅၀၀၀ ရှိပါတယ်။ အားလုံး အောင်မြင်ဖြစ်ထွန်းနေပါတယ်။ ကျွန်တော့်အနေနဲ့ ရော်ဘာကုန်ချောထုတ်လုပ်ဖို့အထိ ရည်ရွယ်ထားပြီး လက်တွေ့မှာလည်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာပါ။ အခု လက်ရှိအနေအထားအရ ရော်ဘာအထွက်နှုန်း တစ်ဧက ရော်ဘာအစေးပေါင် ၁၂၀၀ခန့် ထုတ်ယူနိုင်မယ်လို့ မျှော်လင့်ထားပါတယ်" ဟု ၄င်းက ဆက်လက်ရှင်းပြသည်။

ပြုစုပျိုးထောင်

ဦးစိုင်းကျော်ဝေက ရော်ဘာပျိုးပင်များ ပြုစုပျိုးထောင်ထားမှုကို လိုက်လံပြသသည်။ ရော်ဘာပျိုးပင်များကို အဖူးကူးနည်းနှင့် အစေ့ပျိုးနည်းဟူ၍ နှစ်မျိုးနှစ်စားရှိသော်လည်း အဖူးကူးနည်းဖြင့် ပျိုးထောင်ပြီး စိုက်ပျိုးခြင်းသည် ရော်ဘာအစေး ပိုမိုထွက်ရှိကြောင်း သိရသည်။ ဦးစိုင်းကျော်ဝေ၏ ရော်ဘာခြံမှ ပျိုးပင်များလည်း ပြုစုပျိုးထောင် ရောင်းချလျက်ရှိရာ ၂၀၁၀ခုနှစ်အတွင်း ပျိုးပင်တစ်သိန်းခန့် ရောင်းချရန် စီစဉ်ထားသည်ဟု သိရသည်။

ရော်ဘာခြံတွင် အမြဲတမ်းအလုပ်သမား ၄၂ဦးရှိပြီး နေ့စားအလုပ်သမားများဆိုလျှင် စုစုပေါင်း ၈၄ဦးရှိသည်။ ကြားသီးနှံအဖြစ် တောင်ယာစပါးဧက ၁၅၀ခန့် စိုက်ပျိုးထားပြီး မြေပဲစိုက်ဧကမှာလည်း စုစုပေါင်း ဧက ၇၀ခန့်ရှိသည်။ ငါးမွေးကန်များကိုလည်း တွေ့မြင်ခဲ့ရာ အလုပ်သမားများအတွက် စပါး၊ ငါး၊ ဆီတို့မှာ ခြံထွက်စိုက်ပျိုးမွေးမြူရေးများမှရရှိပြီး နေ့စဉ်ပုံမှန်စားသုံး၍ရသည်အထိ အောင်မြင်နေသည်။ တောင်ခြေစိုက်ခင်းတစ်နေရာ မြေကွက်လပ်၌ သွပ်မိုးအုတ်ကာ မြေစိုက်အဆောက်အအုံတစ်ခုတွေ့ရှိရာ ရော်ဘာခြံ အလုပ်သမားများ၏ ကလေးငယ်များအတွက် စာသင်ကျောင်းလေး ပြုလုပ်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

ဒေသဖွံ့ဖြိုးရေး

ဦးစိုင်းကျော်ဝေ၏ ရော်ဘာစိုက်ခင်းမှ ရော်ဘာပင်များအားလုံးမှာ ၂၀၁၁ ခုနှစ်တွင် ရော်ဘာစေးများ ထုတ်ယူနိုင်တော့မည်ဖြစ်ရာ အနည်းဆုံးနှစ်ပေါင်း ၃၀ခန့် အစေးထုတ်ယူနိုင်မည် ဖြစ်သည်။ တိုင်းရင်းသားစိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ အနာဂတ်ဘဝ သာယာလှပတော့မည် ဖြစ်သည်။ ထို့အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိသည်။

ရော်ဘာစိုက်ခင်းမှအပြန် မြေလွတ်မြေရိုင်းများကို အကျိုးရှိစွာ ဖော်ထုတ်စိုက်ပျိုးနေကြသော တိုင်းရင်းသား စိုက်ပျိုးရေးလုပ်ငန်းရှင်များအပေါ် အားကျစိတ်ဖြစ်နေမိသည်။ သူတို့၏ စွမ်းဆောင်မှုကြောင့် ရှမ်းရိုးမတောင်တန်းတစ်ခို ရွှေဖြူများ ဖုံးလွှမ်းတော့မည်ဟု တွေးတောနေမိပါတော့သည်။ ။ **(မြန်မာ့အလင်း)**

စနစ်တကျပြုစုပျိုးထောင်ထားသော ရော်ဘာပျိုးခင်းတစ်နေရာကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-လေးနွယ်(မင်္ဂလာဒုံ)

STI သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

STI Education က ဖွင့်လှစ်သည့် Diploma နှင့် Certificate အဆင့်ရှိ သင်တန်းများဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအေးလွင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ဒေါက်တာရဲသူအောင်က လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု (Human Resources Management)အရေးပါပုံနှင့် Singapore Human Resources Institute နှင့် STI ပူးတွဲလက်မှတ်ရရှိမည့် HR Certificate နှင့် Diploma သင်တန်းအကြောင်းတို့ကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် Mr. Eric McKay က ကစားနည်းများဖြင့် သင်ကြားပုံကို လက်တွေ့ရှင်းလင်း သရုပ်ပြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် သင်တန်း ဆရာ ဆရာမကြီးများက အိုင်တီဘာသာရပ်၊ Logistics Management ဘာသာရပ်နှင့် ဆရာဖြစ်သင်တန်းတို့မှ သင်တန်းအောင်မြင်ပြီးစီးသူများအား သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ကြသည်။

STI Education က ပို့ချပေးလျက်ရှိသည့် သင်တန်းများအကြောင်းကို သိရှိလိုပါက ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အဆောင်(၄) အခန်း(၇) ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း အမှတ် ၃၇၇ ဖုန်း- ၅၀၇၀၄၈၊ ၅၀၇၁၅၁၊ ၅၀၇၁၅၂၊ ၅၀၇၀၄၆၊ ၂၅၀၀၅၆ နှင့် ၇၀၀၂၇၃တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



စာပေဟောပြောပွဲ နေပြည်တော်လယ်ဝေး၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

ကျေးလက်ဒေသနေပြည်သူများ စာပေဗဟုသုတ လေ့လာဖတ်ရှုမှု တိုးပွားစေရန် ရည်ရွယ်လျက် ကျင်းပသော စာပေဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ရက် မွန်းလွဲ ၁နာရီက နေပြည်တော်လယ်ဝေးမြို့နယ် မြွေရိုးလေးစံပြကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲသို့ နေပြည်တော်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးဖေနှင့် ဦးစီးမှူး ဒေါ်အေးအေးခိုင် နေပြည်တော်လယ်ဝေး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုကြီးနှင့် ဝန်ထမ်းများ၊ စာပေဝါသနာရှင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ စာရေးဆရာ သန်းထွန်း (ပြန်/ဆက်)က အဖေ့ရွေးဖိုးဆပ်ဖို့ရာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)က ရည်မှန်းချက်ရှိရမယ်ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

လမ်းညွှန်ဆိုင်းဘုတ်

မြစ်သားမြို့နယ် ကူမဲမြို့ ရန်ကုန်-မန္တလေးလမ်းမကြီးရှိ အသွားအပြန် လမ်းဆုံနေရာများ၌ မော်တော်ယာဉ်များ ယာဉ်လမ်းကြောင်းမှန်ကန်စွာ မောင်းနှင်သွားလာနိုင်ရေး၊ ယာဉ်တိုက်မှု အန္တရာယ် ကင်းဝေးစေရေးအတွက် မော်တော်ယာဉ် လမ်းညွှန်အမှတ်အသား ဆိုင်းဘုတ်များ စိုက်ထူရာ အမှုဆောင်အရာရှိ ဦးထွန်းအောင်ခင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် မနောမြေအသင်းအား ဖွဲ့စည်းရန် လူရွေးပွဲများ ကျင်းပမည်

သတင်းမှတ်စု - ဖိုးသော်ဇင်

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် ၂၀၁၀ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ထပ်မံဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားသည့် ကချင်ပြည်နယ်ကိုယ်စားပြု မနောမြေအသင်းအား ဖွဲ့စည်းရန် ဖေဖော်ဝါရီ ၄၊ ၅နှင့် ၆ရက်များတွင် လူရွေးပွဲများ ကျင်းပမည်ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်

မနောမြေအသင်းဖွဲ့စည်းရန် လူရွေးပွဲများကို သုဝဏ္ဏကွင်းရှိ လေ့ကျင့်ရေးကွင်း(၂)တွင် နံနက် ၈နာရီမှစ၍ ကျင်းပမည်ဖြစ်သည်။

အဆိုပါ လူရွေးပွဲကို အရပ် ၅ပေ ၅လက်မအထက်ရှိ အသက် ၂၀မှ ၂၅နှစ်အတွင်းရှိ အနိမ့်ဆုံးပြည်နယ်နှင့် တိုင်းပြိုင်ပွဲများ ကစားဖူးသူများ လာရောက်အရွေးခံနိုင်ပြီး လာရောက်အရွေးခံသူများကို ခရီးစရိတ်များ ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ကချင်ပြည်နယ်ကိုယ်စားပြု မနောမြေအသင်းသည် ၂၀၁၀ MNL ပြိုင်ပွဲကို ပြည်တွင်းနည်းပြ၊ ကစားသမားများဖြင့်သာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် အမျိုးသမီးလူငယ်လက်ရွေးစင်နည်းပြ ဦးဝင်းမြင့်သွင်၊ လက်ထောက်နည်းပြအဖြစ် ဦးအေးကြူကြီးတို့အား ခန့်အပ်ရန် စီစဉ်နေကြောင်း သိရသည်။

၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲကို အသင်းများထပ်မံတိုးမြှင့် ကျင်းပသွားမည်ဖြစ်ပြီး လက်ရှိအချိန်အထိ ပြိုင်ပွဲဝင်အသင်း ၁၁သင်းရှိနေသည်။ မူလရှစ်သင်းနှင့် ထပ်မံတိုးမြှင့်ယှဉ်ပြိုင်ခွင့်ရရှိထားသော အသင်းများမှာ ဇွဲကပင်ယူနိုက်တက်အသင်း၊ နေပြည်တော်အသင်းနှင့် မနောမြေအသင်းတို့ ဖြစ်ကြသည်။ **(မြန်မာ့အလင်း)**

မြန်အောင်မြေမှာ အထူးတင့်ဖူးပွင့်တဲ့ စာပေပန်း

ခရီးသွား သတင်းအက်ဆေး

ရေးသူ ➤ သန့်စင်လတ်(ပညာရေး)

၂၀၀၉ခုနှစ် ဒီဇင်ဘာ ၃၀ရက်····။ နံနက်ခင်း ဝေလီဝေလင်း····။ မြန်အောင်မြို့ကား အိပ်မှုန်ထနိုးကာစပင် မရှိသေး။ "ချမ်းပုံက ကမ်းကုန်ရစ်တာမို့ မန်းတုန်အောင် လမ်းဆုံက ဟစ်လိုက်ချင်ရဲ့"ဟု စာဆိုရလောက်အောင် တစ်မြို့လုံးက မှောင်မည်းနေဆဲ၊ အေးနေဆဲပင်····။ နံနက် ၉နာရီတွင် မြို့နယ် ပြန်/ဆက် စာကြည့်တိုက်သို့ စာရေးသူတို့ သွားရောက်လေ့လာကြရာ ခရိုင် ပြန်/ဆက်ဦးစီးအရာရှိ ဦးမြင့်သိန်းနှင့် အဖွဲ့တို့က လှိုက်လှဲစွာကြိုဆိုကြပါ၏။ ရိုးစင်းသေသပ်စွာ ခင်းကျင်းထားသော စာကြည့်တိုက်နှင့် တာဝန်ရှိသူတို့၏ အပြုံးပန်းတို့က စာဖတ်သူများအား စာဖတ်ချင်အောင် ဆွဲဆောင်နေသည်။ စာအုပ်အားလုံးကို မြင်သာထင်သာအောင် ခင်းကျင်းပြသထားသည်မှာ နည်းပညာ တစ်ရပ်ဟုပင် ဆိုချင်ပါသည်။

စေတနာဆန္ဒ

ထို့နောက်တွင် အထက(၁) မြန်အောင်သို့ သွားရောက်ကြ၍ ဆရာဦးအောင်ကျော်ဆန်းက "ထွန်းပေါက်အောင်ရေး ကြိုးစားပေး" ခေါင်းစဉ်ဖြင့် နဝမတန်း၊ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများကို စိတ်ဓာတ်မြင့်မားရေးနှင့် အောင်ချက်မြင့်မားရေးတို့အတွက် ကျက်နည်း၊ မှတ်နည်း၊ ဖြေဆိုနည်းများကို စိတ်ဝင်စားဖွယ်ရာ ဟောပြောသည်။ ဆရာ့ဟောပြောချက်များတွင် အနာဂတ်ပန်းထူး၊ ပန်းငုံ အညွန့်အဖူးလေးများကို တိုးတက်ထူးချွန် ထက်မြက်စေလိုသော စေတနာဆန္ဒတို့ ပြင်းပြ ပေါ်လွင်လှသည်။

ထို့နောက် နံနက်စာ စားသောက်ကြပြီး မြန်အောင်မြို့မှ ခုနစ်မိုင်ကွာဝေးသော ကနောင်မြို့သို့ မော်တော်ဆိုင်ကယ်များဖြင့် ထွက်ခွာလာခဲ့ကြသည်။ နံနက်ခင်း နေရောင်ခြည်အနုတွင် ရွှေရည်ဥနေသော စပါးခင်းများ၊ မြက်ခင်း ကမ္ဗလာများ၊ သဲသာအောင် မြေမြစ်ကမ်းခြေအလှများ၊ မြေနုကျွန်းထက်မှ မြရောင်စိမ်းစိုသော စိုက်ခင်းများကို ဖြတ်ကျော်၍ နာရီဝက်ခန့် ကြာသောအခါ "ကနောင်မင်းသားကြီး စာကြည့်တိုက်" သို့ ရောက်ရှိကြသည်။ ဟင်္သာတခရိုင် ပြန်/ဆက် ဦးစီးမှူးနှင့်အဖွဲ့ စာကြည့်တိုက်ကို စစ်ဆေးပြီး စာကြည့်တိုက်ဖွံ့ဖြိုးရေး ဆွေးနွေးသည်။ ဆက်လက်၍ ဆရာအောင်ကျော်ဆန်းကလည်း မြန်မာနိုင်ငံ စက်မှုခေတ်ပြောင်း တော်လှန်ရေးကို ရှေ့ဆောင်ခဲ့သည့် ကနောင်မင်းသားကြီး၏ ထူးချွန်ထူးခြား စွမ်းဆောင်ရည်များကအစ၊ အလိမ္မာစာမှာရှိရုံမျှမက လူမှာရှိဖို့လိုအပ်ခြင်းက အလယ်၊ ထူးထွေဆန်းပြားစာပေ၏ အနှစ်သာရများအဆုံး သီကုံးဟောပြောခဲ့ပါသည်။

တိုးဝှေ့ဖတ်ရှု

ထို့နောက် ငါးပိဆိပ်ကမ်းကျေးရွာသို့ ဆက်လက်ထွက်ခွာခဲ့ရာ နာရီဝက်ခန့်အကြာတွင် ရောက်ရှိသည်။ ငါးပိဆိပ် ရွှေသာစည်ကျောင်း ဆရာတော် ဦးအာစရ္ယနှင့် ရပ်ရွာလူကြီးများ၊ စာကြည့်တိုက် ကော်မတီဝင်များက ဝမ်းသာအားရ ကြိုဆိုကြသည်။ စားသောက်ဖွယ်ရာများဖြင့်လည်း တည်ခင်းဧည့်ခံကြပါသည်။ တန်ဖိုး ငွေကျပ် ၂၅သိန်းကျော် အကုန်အကျခံ၍ ဆောက်လုပ်တည်ထောင်ထားသော "သုတရတနာ စာကြည့်တိုက်" လေးကား သန့်ရှင်းလှပပါပေစွ။ စာဖတ်သူများ ခိုချင်၊ နားချင်အောင်၊ စာဖတ်ချင်အောင် ဆွဲဆောင်နိုင်ပေစွ။ ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်များ ခင်းကျင်း ပြသထားသည်မှာလည်း ဖတ်ချင်ဖွယ်ရာ ခမ်းနားတင့်တယ်လှပေစွ။ ကျေးလက်ပြည်သူများ သူ့ထက်ငါ လုယက်ကာ တိုးဝှေ့ဖတ်ရှုနေကြသည်မှာလည်း ကြည်နူးဖွယ်ရာ ကောင်းပေစွ။

ပြာသိုလပြည့် အမေနေ့ စာပေဟောပြောပွဲကျင်းပရန် ပြင်ဆင်ထားသည့် စင်မြင့်မှာ လှပခံ့ညားသည့် ဓာတ်ပွဲတစ်ခုအလား တင်စားလောက်သည်။ ကိုမျိုးဆိုသော ကျေးလက်လူငယ်လေးတစ်ဦး၏ အမေနေ့ စာပေဟောပြောပွဲ ဖိတ်ကြားရင်း အသံချို စက်ဖြင့် ဟောပြောနေသော အမေ့အကြောင်း တစေ့တစောင်းမှာ ပြောင်မြောက်လှပါ၏။ သူ၏ပြောလုံး ပြောကွက်များကို နားထောင်ရသည်နှင့် ရွာရှိလူငယ်များ၏ "စာဖတ်အား"ကို သုံးသပ်နိုင်ပါပြီ။

အလွန်များပြား

ဤနေ့ကား ပြာသိုလပြည့်နေ့ဖြစ်ပါသည်။ "ညအရေး ကောင်းကောင်း၊ လကလေး စောင်းစောင်း"တွင် အမေနေ့ ဟောပြောပွဲ ခြိမ့်သဲစွာ ဆင်နွှဲကြရင်း အမေများကို ပူဇော်ကန်တော့ကြသည်မှာ စာရေးသူတစ်သက် မေ့ရက်နိုင်စရာမရှိတော့ပါ။ ညအမှောင် သန်းသည်နှင့် လရောင်လည်းဆမ်း လေတော့သည်။ တဖွဲဖွဲရောက်ရှိလာသော ပရိသတ်များမှာ ရွာကလေးနှင့်မမျှ။ အလွန်များပြားလှပါ၏။

ထိုပွဲတွင် အခမ်းအနားမှူးအဖြစ် ဆရာမဒေါ်မြင့်မြင့်ခိုင် (မကျည်းတန်း ကနောင်) က ဆောင်ရွက်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ငြိမ်း)ဦးထွန်းရှိန်နှင့်စာရေးဆရာ ကျော်ဖေယျာလှိုင် (စီးပွားရေးတက္ကသိုလ်) တို့က စာရေးဆရာတို့၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားမိတ်ဆက်ပေးသည်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိ ဦးမြင့်သိန်းက "မိဘနှစ်ပါးကို ရှင်ပြုပါ" ဟူသော ခေါင်းစဉ်ဖြင့် မသေခင် အသက်ရှင်နေဆဲ ပြုစုကြပါဟုတိုက်တွန်းရင်း "ဂန္ထဝင်မေမေ" တေးသီချင်းဖြင့် ရင်နင့်လှိုက်မောဆိုပြောသည်။

အလင်္ကာမြောက်

ဦးသက်လှိုင် (တိုင်းရင်းဆေး)က "အမေ့ဘဝရသ အလင်္ကာ"ခေါင်းစဉ်ဖြင့် အမေ့ဘဝအတွေ့အကြုံမျိုးစုံကို ရသအလင်္ကာမြောက်စွာ ပြောဟောခဲ့ပါ၏။ ဆရာမ နေဝန်းနီနီကမူ "အမေဆိုတာသည်လိုပါ"ဆိုပြီး ဓာတ်နိပါတ် ပုံပြင်ဖြစ်ရပ်မှန်တို့ဖြင့် စီကာပတ်ကုံး သီကုံးဖွဲ့နွဲ့ပြီး ဆရာသမိန်သောင်း၏ "တိုးအေးပေါ်က မေမေ" ကဗျာလေးဖြင့် နိဂုံးချုပ်ခဲ့ရာ ပရိသတ်ကြီးရင်ထဲမှာ ဆို့နင့်လှိုက်မောခံစားရင်း အမေတို့၏ ကျေးဇူးပုံရိပ်တို့ ပြန်မြင်လာကြရသည်။ ဆရာစောမောင် (ယော)ကလည်း "အောင်ဟိတ်နဲ့လူ တံခွန်ထူသည့် အမေ" ဆိုပြီး အာဝဇ္ဇန်းကောင်းကောင်း၊ အဆိုအပြော ကောင်းကောင်းဖြင့် ဟောပြောခဲ့ရာ စာပေဟောပြောပွဲလာသူများ၏ နှလုံးသားကို ဆွဲကိုင်လှုပ်ယမ်းနိုင်ခြင်းကြောင့် အမေ့ကျေးဇူးမှတ်တမ်းများကို ရုပ်ရှင်ပြသလို မြင်ယောင်လာကြရသည်။ ဆရာအောင်ကျော်ဆန်းကတော့ "လွမ်းငွေ့တဝေဝေ ဂန္ထဝင်မေမေ" ခေါင်းစဉ်ဖြင့် အမေ့ဘဝများစွာကို အလင်္ကာမြောက်စွာ အပြီးသတ်ဟောပြောခဲ့ပါသည်။

နောက်တစ်နေ့နံနက်စောစောတွင် ငါးပိဆိပ်မှ ငါးမိုင်အကွာ ရွှေကျင်ကျေးရွာသို့ ခရီးဆက်ကြသည်။ ရွှေကျင်ကျေးရွာကား "ရောဝတီမြစ်ကမ်းနံဘေးက စခန်းလေး"ဟု တင်စားရလောက်အောင် လှပါသည်။ ကုန်းအင်ပင်၊ ရေရွှေကျင်၊ အလယ် ထန်းသုံးပင်" ဟုလည်း စာဆိုရှိပါ၏။ မိုးအခါ ရေပတ်လည်ဝိုင်း နေ၍ ဤသို့တင်စားဟန်တူပါသည်။ ရွှေကျင်ဟူသည့် နာမည်ဂုဏ်ဟိတ်၊ မြတ်နိမိတ်နှင့်အညီ မြစ်အတွင်းမှရွှေများ ယခုတိုင်ကျင်၍ ရနေသည်မှာ ထူးခြားအံ့ဖွယ်ရာ။ ရွှေကျင်စာကြည့်တိုက်လေးကားအဝန်းပင် ငယ်သော်လည်း ခံ့ညားလှပ ကျက်သရေရှိလှပါ၏။ "အမှားအမှန်၊ ဝေဖန်ပိုင်းခြား၊ သုတပွားကာ၊ သစ္စာအမြင်၊ ကြည်လင်စေမှာ၊ စာပေအမြိုက်၊ ပညာသိုက်သို့ ညွှန်ပြ ဆိုက်ဆိုက်စာကြည့်တိုက်"ဟူသောလင်္ကာဖြင့် စာကြည့်တိုက်၏ တန်ဖိုးကို ဖွင့်ဆိုထားသည်ကိုလည်း တွေ့ရသည်။

ပေါင်းစပ်ညှိနှိုင်း

ဤပွဲ၏ထူးခြားချက်များကြောင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် အငြိမ်းစားဦးစီးအရာရှိများကပါ စေတနာအပြည့်ဖြင့် ဝိုင်းဝန်းကူညီဆွေးနွေး အကြံပေးကြခြင်းတို့ဖြင့် ရွှေကျင်ဒေသများ၏ စုစည်းညီညွတ်မှု စွမ်းအားမြင့်မားခြင်းကို အနှစ်သာရအဖြစ် စာရေးသူမြင်တွေ့ ခံစားခဲ့ရပါသည်။

ထိုသို့ဆွေးနွေးနေဆဲ ရွှေကျင် (အထက) ကျောင်းသား ကျောင်းသူများအား ဘက်စုံပညာ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပေးပါရန် မေတ္တာရပ်ခံသဖြင့် ဆရာအောင်ကျော်ဆန်းက "သားအတွက် ဓားတစ်လက်၊ သမီးအတွက် ထီးတစ်လက်" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ပါ၏။ ဟောပြောချက်များအပြီးတွင်မူ အားမာန်တက်ကြွညီညာလှသော ဩဘာသံများနှင့်အတူ နိုင်ငံ့အကျိုးသယ်ပိုးမည့် မျိုးဆက်သစ်တို့၏ အနာဂတ် ရောင်ခြည်ဦးကို လှမ်းမြင်ရသည်သို့ ခံစားလိုက်ရပါတော့သည်။

ရွှေကျင်တွင်တည်ခင်းသော နံနက်စာကား "အကောင်းထက်မှာ အပေါင်း လက္ခဏာ"ဟု ဆိုရလောက်အောင် ပြည့်စုံလှပါသည်။ ဆွေမျိုးရင်းချာတမျှ ဖော်ရွေပျူငှာသော ပြုစုစောင့်ရှောက်မှုတို့ကို စာရေးသူတို့ မမေ့ရက်နိုင်ပါ။ တဒင်္ဂခင်မင်ရသော မိတ်ကောင်း ဆွေကောင်းတို့ကို နှုတ်ဆက်ကာ ရိုက်ကျေးရွာသို့ ထွက်ခွာခဲ့ကြပါသည်။

ဝမ်းပန်းတသာကြိုဆို

ရိုက်ကျေးရွာ မူလတန်းကျောင်းသို့ ရောက်သောအခါ ကျေးရွာသားတို့က မြန်မာ မုန့်မျိုးစုံဖြင့် ဧည့်ခံရင်း ဝမ်းပန်းတသာ ကြိုဆိုခဲ့ပါသည်။ ရွာသားများနှင့် တဝါးဝါး တဟားဟားပွဲကျကာ စာအကြောင်းပေအကြောင်း၊ ရွာအကြောင်း၊ မြို့အကြောင်းဆွေးနွေး ကြရင်း တစ်ခဏချင်းပင် ဆွေမျိုးသားချင်း အရင်းပမာ ချစ်ခင်သွားကြပါတော့သည်။

ခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဦးမြင့်သိန်း၊ ဆရာမ နေဝန်းနီနီနှင့် ဆရာအောင်ကျော်ဆန်းတို့က စာပေရေးရာ၊ ကျန်းမာရေးရာများ ဟောပြောခဲ့ကြသည်။ ဆရာအောင်ကျော်ဆန်း၏ "တောင်ပေါ်မြေနှံ့သန့်ငါးသန့်"ခေါင်းစဉ်ဖြင့် ပညာပေးကဏ္ဍကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ဟောပြောခဲ့၍ ရွာသူရွာသားတို့ မှတ်လည်း မှတ်မိ၊ သတိလည်းရှိ၊ လက်တွေ့လည်း လိုက်နာကျင့်သုံး ကြပေရော့မည်။ ပထမဆုံးအကြိမ် စာပေဟောပြောပွဲဖြစ်သော်လည်း စည်းကမ်းစနစ်ကျနစွာ နားထောင်နာယူပြီး အူလှိုက်သည်းလှိုက်နှစ်ခြိုက်သဘောကျ ရယ်မောပျော်ရွှင်ကြသည်မှာ ပီတိဖြစ်စရာ။ ဆက်လက်၍ ခရီးဆက်ပြန်ရာ အစယ်ကျေးရွာအုပ်စု မဲဇင်းစံပြကျေးရွာသို့ ရောက်ရှိကြသည်။

ပြာသိုလပြည့်ကျော် ၁ရက် အမေနေ့ စာပေဟောပြောပွဲကြီးကို ကျယ်ဝန်းသည့် ဓမ္မာရုံကြီးအတွင်း၌ ကျင်းပစေသည်။ ပရိသတ်ခန်းလုံးပြည့်ပင်။ အပြင်တွင် အေးမြနေသော်လည်း အတွင်းမှာ နွေးထွေးနေသည်မို့ ဆွေးနွေးဟောပြောရသည်မှာ အဆင်ပြေလှပါ၏။ ဟောပြောသူတို့ကလည်း စျာန်ဝင်စားသလောက် ဟောပြောပွဲအတွေ့အကြုံ မရှိသေးသော ရွာသူရွာသားများအတွက် ထူးခြားသော အမေနေ့ဟောပြောပွဲကြီးဟု မော်ကွန်းပြုရပါမည်။

၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ရက် နှစ်သစ် နံနက်တွင် စာရေးသူတို့အဖွဲ့ လာလမ်းအတိုင်း နောက်ကြောင်းပြန်ကာ နှုတ်ဆက်ထွက်ခွာခဲ့ကြပါသည်။

အထူးဂရုစိုက်

ခရီးစဉ်တစ်ခုလုံးကို ရည်မှန်းချက်များ ပြည့်ဝအောင်မြင်အောင် ထူးထူးခြားခြား စီမံပေးခဲ့သူမှာ မြန်အောင်မြို့နယ်မှ ဦးအောင်ဝင်းဆွေပင်ဖြစ်ပါသည်။ သူသည် လူလတ်ပိုင်း အရွယ်မျှသာ ဖြစ်သော်လည်း တွေးခေါ်မြော်မြင်ဆင်ခြင်တုံတရားနှင့် ကျေးလက်ပြည်သူများအပေါ် မေတ္တာစေတနာထားသည်။ စာရေးသူတို့ အဖွဲ့ကိုလည်း အထူးဂရုစိုက်သည်။

မြန်အောင်မှာ အထူးတင့်ဖူးပွင့်ဝေသော ပန်းပဒေသာများကား စီကာရီကာ ရှိနေပါလေပြီ။ စာကြည့်တိုက်များ၊ စာဖတ်ရှိန်မြင့်တင်ရေးနှင့် ဟောပြောပွဲများကြောင့် စာပေပညာရှင်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ စီးပွားရေးပညာရှင်များနှင့် ကွန်ပျူတာပညာရှင်များစသည်ဖြင့် ပို၍ပို၍ ထွန်းကားလာမည်မှာ ဧကန်သာဖြစ်ပါတော့သည်။ မြန်အောင်သည် ပထဝီမင်္ဂလာဗယျ အောင်မြေဖြစ်ပါသည်။ အလောင်းမင်းတရားကြီး၏ ဘူမိနက်သန်နေရာပင်ဖြစ်သည်။ အမြန်ဆုံးအောင်မြင်သဖြင့် မြန်အောင်ဟူသော အမည်ကို ပေးခဲ့ခြင်းလည်းဖြစ်ပါသည်။ ဂုဏ်ထွက်ဆိုသော မြန်အောင်မြို့၏ ရှေးဟောင်း အမည်ဟောင်းမှာ "ဘုရားထီး"ဟု ခေါ်ပါ၏။ ဤမြင့်မြတ်သူတို့ အောင်မြေ မြန်အောင်မြို့မှ ၂၀၀၉ခုနှစ်ဟောင်းကို နှုတ်ဆက်ရင်း ၂၀၁၀နှစ်သစ်ကို ကြိုဆိုပွဲ့ဖက်ကာ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြပါတော့သတည်း။ ။**(မြန်မာ့အလင်း)**

မြန်မာ့အလင်း ပရီမီယာလိဂ်သတင်း

ချယ်လ်ဆီးကို ဟူးလ်စီးတီး သရေကစား မန်ယူထိပ်ဆုံးနေရာချိန်ရွယ်လာနိုင်ပြန်

မြင့်မောင်စိုး ➤ စုစည်းသည်

လန်ဒန် ဖေဖော်ဝါရီ ၃

ပရီမီယာလိဂ်ပွဲစဉ်(၂၄)လက်ကျန်ပွဲအဖြစ် ဟူးလ်စီးတီးအိမ်ကွင်း၌ ချယ်လ်ဆီးတို့ သွားရောက်ကစားခဲ့ရာ ဟူးလ်စီးတီးက သရေကစားခဲ့သဖြင့် ချယ်လ်ဆီးတို့အား ဒုတိယနေရာမှမန်ယူက ဖိအားပိုပေးလာနိုင်ခဲ့သည်။

ဂိုးသွင်းယူ

အမှတ်ပေးဇယားအောက်ဆုံးမှ လွတ်မြောက်ရေး ရုန်းကန်ကြိုးစားနေရသော ဟူးလ်စီးတီးအသင်းသည် ပွဲစသည်နှင့် အသင်းကြီးချယ်လ်ဆီးကို တိုက်စစ်အရှိန်မြှင့်တင်ကစားခဲ့၍ ပွဲချိန် မိနစ် ၃၀တွင် မော်ယိုကိုလိုက ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်ဂိုးဖြင့် ဟူးလ်စီးတီးအတွက် ဦးဆောင်ဂိုးသွင်းယူလိုက်သည်။

ပွဲသိမ်းခဲ့

အမှတ်ပေးဇယားတွင် လေးမှတ်အသာဖြင့် စိုးမိုးထားသော ချယ်လ်ဆီးအသင်းသည် ချေပဂိုးသွင်းယူနိုင်ရေး တိုက်စစ်အရှိန်မြှင့်တင်ကစားခဲ့ရာ ပထမပိုင်းပွဲပြီးရန် သုံးမိနစ်အကြာတွင် တိုက်စစ်မှူး ဒရော့ဘာက အလွတ်တည်ကန်ဘောမှ တစ်ဆင့် သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်ဖက်စလုံး အနိုင်ဂိုးသွင်းယူရန် အကြိတ်အနယ် ကြိုးစားသော်လည်း တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲသိမ်းခဲ့သည်။

(အင်တာနက်)

ပွဲစဉ်(၂၄)အပြီး ပရီမီယာလိဂ်အသင်းများ ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ချယ်လ်ဆီး	၂၄	၁၇	၄	၃	၅၅
၂	မန်ယူ	၂၄	၁၇	၂	၅	၅၃
၃	အာဆင်နယ်	၂၄	၁၅	၄	၅	၄၉
၄	စပါး	၂၄	၁၂	၆	၆	၄၂
၅	လီဗာပူး	၂၄	၁၂	၅	၇	၄၁
၆	မန်စီးတီး	၂၂	၁၁	၈	၃	၄၁
၇	အက်စ်တွန်ဗီလာ	၂၃	၁၁	၇	၅	၄၀
၈	ဘာမင်ဂမ်	၂၃	၉	၇	၇	၃၄
၉	အဲဗာတန်	၂၃	၈	၈	၇	၃၂
၁၀	ဘလက်ဘန်း	၂၄	၇	၇	၁၀	၂၈
၁၁	ဖူလ်ဟမ်	၂၃	၇	၆	၁၀	၂၇
၁၂	စတုတ်စီးတီး	၂၂	၆	၈	၈	၂၆
၁၃	ဆန်းဒါးလန်း	၂၃	၆	၆	၁၁	၂၄
၁၄	ဝီဂန်	၂၂	၆	၄	၁၂	၂၂
၁၅	ဝက်စ်ဟမ်း	၂၃	၄	၉	၁၀	၂၁
၁၆	ဘော်လ်တန်	၂၂	၅	၆	၁၁	၂၁
၁၇	ဝူလ်ဗာဟမ်တမ်	၂၃	၅	၆	၁၂	၂၁
၁၈	ဟူးလ်စီးတီး	၂၄	၄	၉	၁၁	၂၁
၁၉	ဘန်လေ	၂၃	၅	၅	၁၃	၂၀
၂၀	ပို့စ်မောက်	၂၂	၄	၃	၁၅	၁၅

မြဝတီမြို့နယ် မင်းလက်ပံကျေးရွာ၌ DTH စနစ် ရုပ်သံဖမ်းစက်တပ်ဆင်

မြဝတီ ဖေဖော်ဝါရီ ၃

မြဝတီခရိုင် မြဝတီမြို့နယ် မင်းလက်ပံကျေးရွာရှိ ကျေးရွာနေပြည်သူများ MRTV နှင့် MRTV-4 ကြည့်ရှုနိုင်ရန် DTH စနစ် ရုပ်သံဖမ်းစက်များ တပ်ဆင်ခြင်းကို ဇန်နဝါရီ ၁၉ရက်က ကျေးရွာ မြကန်သာ စာကြည့်တိုက်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီစဉ် လှူဒါန်းသော DTH စနစ် ရုပ်သံဖမ်းစက်အား ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရန်နောင်စိုးနှင့် အဖွဲ့ဝင်များက ကျေးရွာစာကြည့်တိုက်တွင် တပ်ဆင်နေသည်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်အုန်းသွင်နှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ခဲ့သည်။**(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၄-၂-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၀ ၃။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၄။ အကပဒေသာ
- ၈း၀၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၁၀ ၆။ အတီးပြိုင်ပွဲ
- ၈း၂၀ ၇။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၈း၃၀ ၈။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ စေတနာထားကာ ကုသပေး ပြည်သူများရဲ့ ကျန်းမာရေး

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၁၅ ၃။ တေးဂီတအစီအစဉ်
- ၄း၂၅ ၄။ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (မြန်မာစာဘာသာရပ်)
- ၄း၅၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၅ ၆။ **ဘဝသစ်ရဲ့ စာမျက်နှာ**
- ၅း၂၀ ၇။ မြန်မာ့ရုပ်မြင်သံကြားရုပ်ရှင်ထူးချွန်ဆုစာမျက်နှာများ (အပိုင်း-၂)
- ၅း၄၅ ၈။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ ပျော်ရွှင်စေသောနေ့ရက်များ **မျှားငါးကြင်း** (အပိုင်း-၁၁) မိုးမိုး၊ သဇင်၊ သူရလင်း၊ မေမျိုးသင်း (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆း၃၀ ၁၂။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၇)
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကိုယ်ရံတော်** (အပိုင်း-၁၄)
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၁၇)

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဖေဖော်ဝါရီ ၃

စာကြည့်တိုက်အဆောက်အအုံသစ် ကျောက်ဆည်၌ဖွင့်

ကျောက်ဆည်မြို့နယ် မြေစိုပါယ်အုပ်စု ပါယ်လေးဆယ်ကျေးရွာ အားသစ်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုး၊ ကျေးရွာဥက္ကဋ္ဌ ဦးညိုဝင်းနှင့် ရပ်မိရပ်ဖတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ခရိုင် ပြန်/ဆက်)

လက်ပံတန်းဘူတာ၌ သန့်ရှင်းရေးဆောင်ရွက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား တိုင်း(၆) တိုင်းမန်နေဂျာ ဦးကျော်စိုးလင်းနှင့် လက်ထောက်တိုင်းမန်နေဂျာ ဦးသန်းနိုင်တို့သည် ဒီဇင်ဘာ ၃၀ရက်က လက်ပံတန်း၊ ညောင်ဝိုင်း၊ ခမုံဆိပ်၊ သာရဝေါဘူတာများသို့ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဘူတာသန့်ရှင်းလှပရေး၊ ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးနှင့် မတော်တဆထိခိုက်မှုမဖြစ်ပွားရေး ဆောင်ရွက်ရန်တို့ကို မှာကြားသည်။ (၁၇၅)

ဗန်းမော်၌ ကြက်ငှက်တုပ်ကွေး အန္တရာယ်ဆွေးနွေး

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ ပူးပေါင်း၍ ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁ရက် နံနက် ၉နာရီက ကြက်ငှက်တုပ်ကွေးရောဂါ အန္တရာယ် အကဲဖြတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပသည်။ (ခရိုင် ပြန်/ဆက်)

မြစ်ကြီးနားတွင် ဒိုချက်ကင်မြေဆွေးထုတ်လုပ်

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအရာရှိ ဦးဇော်မိုး၏ စီစဉ်ကြီးကြပ်မှုဖြင့် ဇန်နဝါရီ ၆ရက်က ဒုတိယဦးစီးမှူး(သန့်) ဦးတင်မောင်ထွေး ဦးဆောင်သော ဝန်ထမ်းများသည် စိမ်းမြရောပန်းခြံအနီး မြေကွက် (၆×၆)ပေရှိ သဘာဝမြေဩဇာ (၁၀)ပုံကို ဒိုချက်ကင်မြေဆွေးထုတ်လုပ်ကြသည်။ (မြို့နယ်စည်ပင်)

ဖောင်းပြင်၌ စာကြည့်တိုက်ဆောက်လုပ်မှုစစ်ဆေး

ဖောင်းပြင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇေယျာဝင်းသည် နယ်မြေတာဝန်ခံ မွေး/ကု ဦးစီးဌာနမှ ဒေါက်တာမြင့်ဦး၊ မြေစာရင်းဦးစီးမှူး ဦးမင်းလွင်တို့နှင့်အတူ ဇန်နဝါရီ ၁၂ရက်က ထောမအုပ်စု ကိုင်းပြင်ကျေးရွာသို့ သွားရောက်၍ နိုင်ငံတော်မတည်ငွေဖြင့်ဆောက်လုပ်သော စာကြည့်တိုက်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး ကောက်ကွေကျေးရွာ စာကြည့်တိုက်သစ် ဖွင့်ပွဲပြုလုပ်ရေးနှင့် စာငှားကတ်စနစ်ကျင့်သုံးရေးတို့ကို ဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

အင်းတော်၌ ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေ

အင်းတော်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်ပြေဦးစီးသော မြို့နယ်ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့သည် အင်းတော်မြို့နယ်အတွင်း ငှက်ဖျားရောဂါ အဖြစ်များသောကျေးရွာများ၌ ဒီဇင်ဘာ ၂၃ရက်မှ ၂၅ရက်အထိ ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေပြီး ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။ (၀၃၀)

သာစည်၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၃ရက် ညနေ ၃နာရီက သာစည်မြို့နယ် ကုန်းတောင်းကျေးရွာအုပ်စု ကုန်းတောင်းကျေးရွာ၌ကျင်းပရာ စခန်းမှူး ရဲအုပ်မြင့်သိန်းဦးက မူခင်းမဖြစ်ပွားရေးအတွက် ရှောင်ရန်ဆောင်ရန် အချက်များကို အသိပညာပေးဟောပြောသည်။ (၀၉၄)

ရေစကြို မြေဖြူကျေးရွာ၌ စာကြည့်တိုက်ဆောက်လုပ်

ရေစကြိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းယုမော်သည် ဒီဇင်ဘာ ၁၈ရက်က နိုင်ငံတော် မတည်ငွေနှင့် ကျေးရွာပြည်သူများလှူဒါန်းငွေတို့ဖြင့် ဆောက်လုပ်လျက်ရှိသည့် မြေဖြူကျေးရွာ စာပေရောင်ခြည် စာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ (မြို့နယ် ပြန်/ဆက်)

ထီးချိုင့်၌ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲဖွင့်

ထီးချိုင့်မြို့နယ် အခြေခံပညာမူလတန်းကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲဖွင့်ပွဲကို ဇန်နဝါရီ ၂ရက် နံနက် ၉နာရီက ထီးချိုင့်မြို့နယ် အားကစားကွင်း၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်က အားကစားပြိုင်ပွဲကွင်းဖွင့်ပွဲကို ဖွင့်လှစ်ပေးသည်။ (မြို့နယ် ပြန်/ဆက်)

ကနီမြို့နယ် ဇီးဖြူကုန်းကျေးရွာ အလယ်တန်းကျောင်းဖွင့်

စစ်ကိုင်းတိုင်း ကနီမြို့နယ် ကျော်ရွာကျေးရွာအုပ်စု ဇီးဖြူကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ရက် နံနက် ၁၀နာရီက ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးကျင်ခန့်ပေါင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးတင့်ထူးနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌဦးအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ကွန်ပျူတာနှင့် လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုသင်တန်း အမှတ်(၁)စက်မှုဝန်ကြီးဌာန၌ဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၃

အမှတ်(၁)စက်မှုဝန်ကြီးဌာန ရုံးသုံးကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၀)နှင့် လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၁/၂၀၁၀) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက သင်တန်းမှရရှိလာမည့် အသိပညာ၊ ဗဟုသုတနှင့် အတွေ့အကြုံ၊ ကျွမ်းကျင်မှုများကို ပေါင်းစပ်၍ လုပ်ငန်းခွင်သို့ ပြန်ရောက်သည့်အခါ နိုင်ငံတော်အတွက် အားကိုးအားထားပြုရသည့် ဝန်ထမ်းကောင်းများဖြစ်ရေး ကြိုးပမ်းကြရန် မှာကြားသည်။

အဆိုပါသင်တန်းများသို့ သင်တန်းသား သင်တန်းသူ ၈၈ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်စီ ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၂-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဇာဂ္ဂသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **အလောင်းတော်မြတ် မင်းသိဒ္ဓတ် ဖွားတော်မူခန်း** တရားတော် (ဆရာတော် ဒေါက်တာစန္ဒာသီရိ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် [အထက(၂) ရန်ကင်းအာစရိယ ပူဇော်ပွဲ]
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁)
- ၈:၃၀ Sports World (Hot Water)
- ၈:၅၅ Activities in the City (ပညာဓိကဝိဟာရ ကျောင်းဆောင်သစ်အလှူတော်မင်္ဂလာ)
- ၉:၁၀ **ဒါနရွှေအိုး တူးဖော်ပေးရာ....**
- ၉:၃၀ Style ရှိမှ Star ဖြစ်မယ်
- ၁၀:၂၀ ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ
- ၁၀:၃၅ ကင်ဆာရောဂါ သတိပြုစရာ (ပါမောက္ခဒေါက်တာသီတာစန်း) အလှမယ်ပြိုင်ပွဲ
- ၁၁:၀၀ ဂီတသရုပ်ပြခန်း (တေးသံရှင် ဆုဇီနှင့်တွေ့ဆုံခြင်း)
- ၁၁:၂၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အတိတ်၏အရိပ်**
- ၁၂:၀၀ ဈေးဝယ်လမ်းညွှန် (နန်းဦးဝေပိုးထည်ချည်ထည်)
- ၁၂:၂၅ မျှဝေခံစား ပီတိစကားသံများ (ဦးချူသန်းအဂ္ဂမဟာသီရိ သုဓမ္မမဏိဇောတရေနှင့် တွေ့ဆုံခြင်း)
- ၁၂:၄၅ Activities in the City (ပညာဓိကဝိဟာရ ကျောင်းဆောင်သစ်အလှူတော်မင်္ဂလာ)
- ၁:၀၀ **အလောင်းတော်မြတ် မင်းသိဒ္ဓတ် ဖွားတော်မူခန်း** တရားတော် (ဆရာတော် ဒေါက်တာစန္ဒာသီရိ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival အသည်းကွဲကမ်းခြေ
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁)
- ၄:၀၅ ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ
- ၄:၂၀ **ဒါနရွှေအိုး တူးဖော်ပေးရာ....**
- ၄:၄၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အတိတ်၏အရိပ်**
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ဘုတ်ဘုတ်နှင့်တွေ့ဆုံခြင်း)
- ၆:၄၅ ရန်ကုန်မြင်ကွင်းကျယ် [အထက(၂) ရန်ကင်းအာစရိယ ပူဇော်ပွဲ]
- ၇:၀၀ Fashion Music Festival အသည်းကွဲကမ်းခြေ
- ၇:၃၀ Miss icon Model & Photo Contest 2010
- ၈:၀၀ MRTV-4 သတင်း
- ၈:၄၀ Style ရှိမှ Star ဖြစ်မယ်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁)
- ၁၀:၀၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဘုတ်ဘုတ်နှင့်တွေ့ဆုံခြင်း)
- ၁၀:၂၅ Miss icon Model & Photo Contest 2010
- ၁၀:၅၀ ဈေးဝယ်လမ်းညွှန် (နန်းဦးဝေပိုးထည်ချည်ထည်)
- ၁၁:၁၀ အနုပညာမိုးကောင်းကင်
- ၁၁:၃၅ မျှဝေခံစား ပီတိစကားသံများ (ဦးချူသန်းအဂ္ဂမဟာသီရိ သုဓမ္မမဏိဇောတရေနှင့် တွေ့ဆုံခြင်း)
- ၁၁:၅၀ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ပုလဲ Milk Shake ပြုလုပ်နည်း)
- ၁၂:၀၀ အဆင့်မီရော်ဘာ ဖူးဆက်ပျိုးပင် ရရှိရေး
- ၁၂:၁၀ **နောက်မကျရအောင်** မင်းသူ၊ မိုးပြည့်ပြည့်မောင်၊ (ဒါရိုက်တာ-ကြည်စိုး)
- ၁၂:၂၀ ထူးခြားသွင်ပြင် သတ္တပန်းပုရုပ်သွင်
- ၁၂:၃၅ ကဏ္ဍစုံလင်အားကစား အစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အထက(၂) ကမာရွတ်အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၃

အထက(၂)ကမာရွတ်တွင် ၁၉၈၅ ခုနှစ်မှ ၁၉၉၅ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြပြီး သက်ရှိထင်ရှားရှိနေသော ဆရာကြီး ဆရာမကြီးများနှင့် သက်ပြည့်အငြိမ်းစားယူခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို မတ် ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် တေဇခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် အထက(၂) ကမာရွတ် ဖုန်း- ၅၃၄၆၇၀၊ ဦးအုံ့ဇော်မောင် ဖုန်း- ၀၉-၅၁-၀၁၃၁၃၊ ဦးဇော်မျိုးကျော် ဖုန်း- ၀၉-၅၁-၇၀၃၅၃၊ ဦးသူရဝမ်း ဖုန်း-၀၉-၅၁-၃၉၅၇၈၊ ဦးမျိုးမင်းသူကျော် ဖုန်း- ၀၉-၅၀-၂၅၉၂၅နှင့် ဒေါ်ကြည်ကြည်စိုး ဖုန်း-၀၉-၅၁-၂၉၂၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ဇန်နဝါရီ ၂၈ရက်က ပဲခူးမြို့ ဉသျှောင်မြို့သစ် အမှတ်(၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကျင်းပရာ ပဲခူးတိုင်း(အရှေ့ပိုင်း) တိုင်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောထွန်းလှမြိုင်၊ ပဲခူးခရိုင်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေအောင်နှင့် ပဲခူးမြို့နယ်ဦးစီးဌာနမှူး ဦးသိန်းဇော်တို့က နိုင်ငံသားအရည်အချင်းရှိသူများအား တစ်ဦးချင်းအလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (၀၆၈)

ဇရာဝတီတိုင်း ပုသိမ်မြို့နယ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဘက်စုံပညာရည်ထူးချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ရက်က ပုသိမ်မြို့ ပည္စရတနာခန်းမဆောင်၌ ကျင်းပရာ ပုသိမ်ခရိုင်ပညာရေးမှူးဦးကြည်အောင်က ဗဟိုအဆင့်၊ တိုင်းအဆင့်၊ မြို့နယ်အဆင့်ဘက်စုံပညာရည်ထူးချွန်ဆု ၁၁ဆုရရှိသော အလက(၁)မှ စတုတ္ထတန်းကျောင်းသား မောင်မင်းခန့်မောင်မောင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၅၇)

ကျောက်ဖြူ ဥပစာကောလိပ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၃

ကျောက်ဖြူ ဥပစာကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၆ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်မင်ပန်းခြံအတွင်းရှိ ရွှေဘဲစားသောက်ဆိုင် (ယခင်ရှမ်းကန်စားသောက်ဆိုင်)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးကျော်မွေး ဖုန်း-၅၀၃၀၂၃၊ ဦးလှအောင် ဖုန်း-၅၂၆၈၈၆၊ ဦးမောင်သိန်းဦး ဖုန်း-၅၈၄၉၂၆၊ ဒေါ်ရီရီဝင်း ဖုန်း-၅၆၅၃၁၀ နှင့် ဦးမောင်မောင်ခင် ဖုန်း-၀၉-၈၀၃၃၅၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် အရိုးကုန်းရပ်ကွက်တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်ကြည်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဇန်နဝါရီ ၂၇ရက်က ရပ်ကွက်အတွင်း မီးသုံးစွဲမှုများကို စစ်ဆေးဆောင်ရွက်စဉ်။ (၁၇၁)

**မီးကို
ကြိုတင်
ကာကွယ်မှုဖြင့်
အနိုင်ယူပါ**

လက်ထပ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ဒုတိယဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း) ညွှန်ကြားရေးမှူးချုပ်၊
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန-ဒေါ်သန်းသန်းအေးတို့၏သား
ဗိုလ်ကြီးကျော်မောင်မောင်ကြည်
M.B.,B.S (D.S.M.A), 2nd Year M.Med.Sc(Surgery)
နှင့်
ဒုတိယဗိုလ်မှူးကြီးတင်ထွန်းပွား(ငြိမ်း) အထွေထွေမန်နေဂျာ(စီမံ)၊
အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန-ဒေါ်ရင်ရင်မေတို့၏တစ်ဦးတည်းသောသမီး
မခိုင်မေထွန်း
B.A(Hons:),M.A(English)(Dip in Global English)
L.C.C.I (Level III),Accountant(Ayer Shwe Wah Co.,Ltd.)

တို့၏ ၂၃-၁-၂၀၁၀ရက် (စနေနေ့)တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦးနှင့် ဇနီး ဒေါ်နီနီဝင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဇနီး ဒေါ်ဝင်းဝင်းနုတို့အားလည်းကောင်း၊ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ တပ်မတော်ဆေးရုံမှ ပါရဂူများ၊ အရာရှိများ၊ သူငယ်ချင်းများ၊ ဧရာရွှေဝါကုမ္ပဏီမှ အရာရှိများနှင့်ဝန်ထမ်းများ၊ ကုမ္ပဏီများအားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသောဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော တေးသံရှင် ဒေါ်ရီရီသန့်၊ မင်္ဂလာပန်းကြဲပေးသော မနှင်းမြတ်မြတ်ထူး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မအင်ကြင်းသီ၊ သတို့သားအရံ ဗိုလ်ကြီးငြိမ်းချမ်း၊ သတို့သမီးအရံ မသီရိဒွံ၊ မင်္ဂလာဝတ်စုံစီစဉ်ပေးသော ရွှေပိုးအိမ်၊ ဒီဇိုင်နာ မယုံယုံ၊ မိတ်ကပ်ဆံပင် ခင်စန်းဝင်း၊ ပန်းအလှဆင်ပေးသောကိုဆွေ၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော မိုးကိုဦးနှင့်အဖွဲ့၊ ဖိတ်စာ ဒဂုံပုံနှိပ်တိုက် အားလည်းကောင်း၊ ၁၆-၁-၂၀၁၀ရက်(စနေနေ့)တွင် နေပြည်တော်၌ပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်ပေးသော ဌာနဆိုင်ရာမှအကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အမရဟိုတယ်၌ ကျင်းပသည့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် လက်မှတ်ရေးထိုးပေးသော ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ဦးဟန်ညွန့်နှင့် ဇနီး၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးသော ဦးနိုင်ဝင်း(ညွှန်ကြားရေးမှူး-ကြေး/မြေ)နှင့် ဦးခင်မောင်မြင့် (ညွှန်ကြားရေးမှူး-သတ္တုတွင်းဝန်ကြီးဌာန)တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအသီးသီးအား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများနှင့် ဝန်ကြီးဌာနမှ ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးကျော်မောင်မောင်ကြည်-မခိုင်မေထွန်း။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ကျောက်ဆည်မြို့နေ ဒုတိယရဲမှူးကြီးအေးထွန်း(ငြိမ်း)-ဒေါ်စန်းယဉ်တို့၏သား
မောင်ကျော်စွာထွန်း B.Sc (Physics)
နှင့်
နေပြည်တော်နေ ဗိုလ်မှူးကြီးသန်းရှိန်(ငြိမ်း)ကော်မတီဝင်၊
နေပြည်တော်စည်ပင်သာယာရေးကော်မတီ-ဒေါ်နီနီငြိမ်းတို့၏သမီး
မစုစန္ဒာရှိန် B.A (Chinese) MUFL

တို့သည် ၁၅-၁-၂၀၁၀ရက်တွင် တရားရုံးချုပ်နေပြည်တော်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပြီး မင်္ဂလာဩဝါဒစကားပြောကြားပေးပါသော ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အားလည်းကောင်း၊ ၃၀-၁-၂၀၁၀ရက်တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)နှင့် ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း(ငြိမ်း) အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်နှင့်ဇနီးဒေါ်ကြင်ခိုင်၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ကြွရောက်ချီးမြှင့်ပေးပါသော ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများနှင့်ဇနီးများ၊ စစ်တက္ကသိုလ် အမှတ်စဉ်(၁၈)မှ သူငယ်ချင်းများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ကြပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးပါသော မချမ်းမြေ့ငြိမ်း၊ မင်္ဂလာပန်းကုံးနှင့်လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မမေဇွန်ဦးနှင့် မနှင်းပွင့်လွင်၊ မင်္ဂလာသတို့သားအရံ မောင်သူရိန်မျိုးသက်နှင့် မောင်ထက်ဖြိုးအောင်၊ မင်္ဂလာသတို့သမီးအရံ မဆွေဇင်ဌေးနှင့် မမြင့်မြတ်သောင်းတို့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသောတေးသံရှင် မဟေမာနေဝင်းနှင့်(Plus Three Music Band)၊ မင်္ဂလာဝတ်စုံ ဒီဇိုင်နာပြည်စိုးအောင်နှင့်အဖွဲ့၊ မိတ်ကပ် ခင်စန်းဝင်းနှင့်အဖွဲ့၊ ပန်းအလှဆင် ကိုခင်မောင်ဝင်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုဓာတ်ပုံဉာဏ (Professional Eye) နှင့်အဖွဲ့၊ Love ပုံနှိပ်တိုက်တို့အားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာမလီလီနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသောကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်မောင်ကျော်စွာထွန်း-မစုစန္ဒာရှိန်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဟိန်းမင်းစိုး၏ နိုင်ငံကူးလက်မှတ် A-၁၄၂၂၆၃မှာ ခရီးသွားရင်း ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။

ဖုန်း-၀၉-၅၀-၃၃၁၁၇။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မနွယ်နွယ်ဝင်း၏ နိုင်ငံကူးလက်မှတ် အမှတ်-၁၀၇၃၇၅သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁-၇၄၇၆၃။

စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

၁၉-၁-၂၀၁၀ ရက်၌ ကျင်းပပြီးစီးခဲ့သော ကိုခင်မောင်လွင် ၇/ကတခ(နိုင်) ၀၀၁၁၇၅နှင့် မသန္တာဝင်း ၇/ကကန(နိုင်) ၀၂၉၉၆၇ တို့၏ စေ့စပ်ကြောင်းလမ်းခြင်းအား အကြောင်းမညီညွတ်ပါသဖြင့် ယနေ့မှစ၍ ဖျက်သိမ်းလိုက်ပါကြောင်း။

မသန္တာဝင်း
(၁၉)ရပ်ကွက်၊ သစ္စာလမ်း၊
တောင်ငူ။

လုံးချင်းအိမ် ရောင်းမည်
၁။ အမှတ် ၁၆၉၊ ရန်ကုန်-အင်းစိန် လမ်းမကြီး၊သံလမ်းထိပ်၊ လှိုင်မြို့နယ်။ ၂။ အမှတ် ၁၃၊ ကမာရွတ်ဘူတာရုံ လမ်းမကြီး၊ လှိုင်မြို့နယ်။ **ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၇၁၀၃၁။**

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ရက်(၁၀၀)ပြည့်မွေးနေ့ဆုတောင်း

ချစ်သမီးဦး ဝိုင်းလေး(ခ)ရွှေဝိုင်းပြည့်၏ ၄-၂-၂၀၁၀ရက်တွင် ကျရောက်သော ရက်(၁၀၀)ပြည့်မွေးနေ့မှသည် နှစ်(၁၀၀)ကျော်တိုင် ကျန်းမာချမ်းသာစွာဖြင့် ထူးချွန်ထက်မြက်သော သမီးကောင်းရတနာလေးဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် …. ။

ဘိုးဘိုး၊ ဘွားဘွား - ဦးခင်ဝင်း-ဒေါ်ခိုင်ခိုင်မြင့် (ရန်ကုန်တိုင်း၊ စာရင်းရုံး)
ဖေဖေ၊ မေမေ - ဗိုလ်ကြီးဇေယျာဝင်းခိုင် (D.S.M.A)-ခင်မီကျော်
ဦးဦး၊ တီတီကြီး - ကျော်ဇေယျ-နန္ဒဝင်းခိုင်
တီတီလေး - ကေဇာဝင်းခိုင်။





လမ်းမတော်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မျက်နှာစုံညီ အစည်းအဝေးကို ဇန်နဝါရီ၃၁ရက် ညနေ၃နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ဒေါ်ပိုပိုကြည်(ပိုပိုကြည်-ဥပဒေ)၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးလှထွန်း(လှထွန်း-တွံတေး)နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဆင့်တို့က အမှာစကားပြောကြားကြပြီးနောက် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်များနှင့် အဖွဲ့၏ ရသုံးငွေစာရင်းရှင်းတမ်းများကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့် (ဦးအောင်အေး-သဲကုန်း)က ဖတ်ကြားတင်ပြသည်။

ရွေးချယ်

ဆက်လက်၍ ဥက္ကဋ္ဌဦးအောင်မြင့် (ဦးအောင်အေး-သဲကုန်း)၊ အတွင်းရေးမှူး ဒေါ်ပိုပိုကြည်(ပိုပိုကြည်-ဥပဒေ)၊ ဘဏ္ဍာရေးမှူး ဒေါ်အေးအေးမြင့်(ဝါဝါထင်လင်း)နှင့် ဦးပြည်စိုး(ပြည်စိုး)၊ ဒေါ်သန်းသန်းစီ(ရွှေဆုံသူ)တို့ပါဝင်သည့် အမှုဆောင်အဖွဲ့နှင့် ညီလာခံကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌဦးအောင်မြင့်(ဦးအောင်အေး-သဲကုန်း)ကို ရွေးချယ်ကြသည်။

(မြန်မာ့အလင်း)

မြန်မာစာအဓိက ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

*၁၉၆၈-၁၉၇၂ခုနှစ် မြန်မာစာအဓိက ကျောင်းသား ကျောင်းသူဟောင်းများ၏ န၀မအကြိမ်မြောက် မြန်မာစာအာစရိယပူဇော်ပွဲကို အလုံမြို့နယ် သခင်မြပန်းခြံ **Shinning Star Restaurant** စားသောက်ဆိုင်တွင် ဖေဖော်ဝါရီ ၁၄ရက် (တနင်္ဂနွေနေ့)၌ ကျင်းပမည်ဖြစ်သည်။*

အခမ်းအနားသို့ ကျောင်းသားကျောင်းသူများ စုံညီစွာတက်ရောက်ကြပါရန်နှင့်ဦးပီတာ ဖုန်း-၀၉-၅၁-၂၉၆၉၈၊ ၂၀၁၀၄၅နှင့်ဦးသော်တာ ဖုန်း-၀၉-၅၁-၀၄၅၈၅တို့သို့ ဆက်သွယ်လျှုဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကျောက်တံခါး အထက မြတ်ဆရာပူဇော်ပွဲကျင်းပ

ကျောက်တံခါး ဖေဖော်ဝါရီ ၃

ပဲခူးတိုင်း ကျောက်တံခါးမြို့ အထကကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် သက်ကြီးအာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၄ရက် နံနက် ၉နာရီက အဆိုပါကျောင်း ပတ္တမြားခန်းမ၌ကျင်းပရာ ရှေးဦးစွာ အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီနာယက ကျောင်းသားဟောင်း ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)က အဖွင့်အမှာစကားပြောကြား၍ ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများနှင့် အလှူရှင်များက လှူဒါန်းပူဇော်ကန်တော့ကြသည်။

ဩဝါဒစကားပြောကြား

ထို့နောက် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီးဦးမင်းအောင်၊ ဆရာကြီးဦးချစ်လှိုင်၊ ဆရာကြီးဦးလှမောင်၊ ဆရာကြီးဦးဝင်းနိုင်၊ ဆရာကြီးဦးကြည်၊ ဆရာမကြီးဒေါ်စန်းကြွေနှင့် ဆရာမကြီးဒေါ်သိန်းရီတို့က ဩဝါဒစကားပြောကြားကြပြီး ကျောင်းသားဟောင်း ဦးမြင့်လွင်(မြိတ်မြို့)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြန်မာ့အလင်း)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မှော်ဘီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ဘိုးဒေါနကုန်းကျေးရွာ လေးလက်မ စက်ရေတွင်းနှင့် ဂါလန် ၄၀၀ဆံ့ အုတ်ကန်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ရက်က အဆိုပါကျေးရွာစက်ရေတွင်း မုခ်ဦးရှေ့၌ကျင်းပရာ မှော်ဘီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် အမှုဆောင်အရာရှိ ဦးမိုးကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၁၁ရက်က ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ငူလမ်းနှင့် ရတနာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။ (မြို့နယ်စည်ပင်)

လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲ ညောင်လေးပင်မြို့နယ် ဖဒိုမြို့တွင်ကျင်းပ

ညောင်လေးပင် ဖေဖော်ဝါရီ ၁

လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၄ရက်က ဖဒိုမြို့ရှိ သစ်တောရေးရာဝန်ကြီးဌာန အမှတ်(၉၁)သစ်စက်၌ ကျင်းပသည်။

တက်ရောက်

ဟောပြောပွဲသို့ ညောင်လေးပင်မြို့ လူမှုဖူလုံရေးအဖွဲ့ တာဝန်ခံဆရာဝန် ဒေါက်တာမြင့်သန်း၊ ရုံးခွဲတာဝန်ခံ ဒေါ်ညွန့်နွယ်မိုး၊ အထက်တန်းသူနာပြုဆရာမနော်ချစ်ထွေး၊ စက်ရုံမှူး ဦးနိုင်လင်းအောင်၊ ဒုတိယစက်ရုံမှူး ဦးကျော်ရင်နှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

ဟောပြော

အခမ်းအနားတွင် ညောင်လေးပင်မြို့ လူမှုဖူလုံရေးအဖွဲ့တာဝန်ခံ ဆရာဝန် ဒေါက်တာမြင့်သန်းက ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအတွက် အထွေထွေဗဟုသုတများကို ရှင်းလင်းဟောပြောသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

စာကြည့်တိုက်တိုးတက်ရေးနှင့် စာငှားကတ်စနစ်ကျင့်သုံးရေး တောင်ဥက္ကလာပမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၃

တောင်ဥက္ကလာပမြို့နယ်အတွင်း ဖွင့်လှစ်ထားသော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရန်ပုံငွေရရှိရေးအတွက် စာငှားကတ်စနစ်ကျင့်သုံးဆောင်ရွက်ရေးဆွေးနွေးပွဲကို ဇန်နဝါရီ ၂၅ ရက်က (၇)ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ရုံး မိုးဆမ်းပန်းစာကြည့်တိုက်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်ခင်စီနှင့်အဖွဲ့က စာကြည့်တိုက်ရှိ စာအုပ်များ မှတ်ပုံတင်ခြင်း၊ ပညာရပ်များ သတ်မှတ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး စာကြည့်တိုက်ရန်ပုံငွေရရှိရေးအတွက် စာငှားကတ်စနစ်ကျင့်သုံးဆောင်ရွက်ရန် ဆွေးနွေးဟောပြောသည်။ **(အောက်ပုံ)** ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ငွေးကြည်က စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**



ပညာပေးဟောပြော

ရန်ကင်းမြို့နယ် မူးယစ်ဆေးနှင့် အိမ်သုံးဆေးဝါးများအန္တရာယ် အသိပညာပေးဟောပြောပွဲကို အလက(၂)ရန်ကင်းကျောင်းခန်းမ၌ ဇန်နဝါရီ ၂၃ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဇော်မင်းက မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောစဉ်။ (၁၇၀)

ဇန်နဝါရီ ၂၀ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင် ညောင်လေးပင်မြို့နယ် လသာကုန်းကျေးရွာ၌ ဆောက်လုပ်လျက်ရှိသော ကျေးလက်အိမ်ရာကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်ဝင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာစာကြည့်တိုက်ဆောက်လုပ်မှု မိုင်းယန်းမြို့နယ်၌ ကွင်းဆင်းစစ်ဆေး

မိုင်းယန်း ဇန်နဝါရီ ၃၀

ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခမ်လျန်ဆုမ်းသည် မိုင်းယန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်စိုး၊ မြို့နယ်ဦးစီးမှူး ဦးစိုင်းမွန်းတို့နှင့်အတူ ဇန်နဝါရီ ၁၁ရက်က မိုင်းယန်းမြို့နယ် ဝမ်တောင်းကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်လျက်ရှိသော ကျေးရွာစာကြည့်တိုက်ဆောက်လုပ်နေမှု အခြေအနေကို ဇန်နဝါရီ ၉ရက်က ကွင်းဆင်းစစ်ဆေးကြသည်။

ဆွေးနွေး

ထိုသို့စစ်ဆေးရာတွင် ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိုင်းနွံက စာကြည့်တိုက်ဆောက်လုပ်မှုနှင့်စပ်လျဉ်း၍ တင်ပြပြီး ခရိုင်ဦးစီးအရာရှိနှင့်အဖွဲ့သည် စာကြည့်တိုက်ကို သတ်မှတ်ရက်အတွင်း ဆောက်လုပ်ပြီးစီးရေး ရှင်းလင်းဆွေးနွေးကြသည်။ **(ယာပုံ) (ခရိုင် ပြန်/ဆက်)**



မီးသတ်ဦးစီးဌာန အခြေခံယာဉ်မောင်းသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံယာဉ်မောင်းသင်တန်းအမှတ်စဉ်(၂၅/၂၀၁၀)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) ကျန်စစ်သား ခန်းမ၌ကျင်းပရာ မီးသတ်ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(မီးသတ်ဦးစီးဌာန)**

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ရက်က အမက(၄)ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းအေးက ပြည်ထောင်စုနေ့နှင့်ပတ်သက်၍ ဟောပြောစဉ်။ (မြို့နယ်ပြန်/ဆက်)

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဟောပြောဆွေးနွေး

နမ့်ခမ်း ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် လားရှိုးတက္ကသိုလ်မှ တွဲဖက်ပါမောက္ခနှင့် ကထိကဆရာ ဆရာမများက ဘာသာရပ်အလိုက် ဆွေးနွေးပို့ချခြင်းကို ဇန်နဝါရီ ၂၂ရက်မှ ၂၄ရက်အထိ ကျားဖြူ ခန်းမ၌ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၄နာရီခွဲအထိ ဟောပြောဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြောင်းမြခရိုင် အိမ်မဲမြို့နယ်ရှိ မြောင်းမြ-အိမ်မဲလမ်း ကျောက်ခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ၁၉ရက်က ခရိုင်အင်ဂျင်နီယာမှူး ဦးအေးသွင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အင်ဂျင်နီယာ ဦးသိန်းဖေမြင့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်ပြန်/ဆက်)

ဗိုလ်တထောင်မြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ ဘဝမီးအိမ်စာကြည့်တိုက်၌ ဇန်နဝါရီ ၇ရက်က စံ(၅)ချက်နှင့် ပြည့်စုံသော စာကြည့်တိုက်ဖြစ်ရေး ဆွေးနွေးပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းနွဲ့က စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေး၊ စံ(၅)ချက်နှင့်ညီညွတ်ရေး၊ စာအုပ်စာစောင်တိုးပွားရေးနှင့် ငွေပဒေသာပင် စိုက်ထူရေးကိစ္စရပ်များကို ဆွေးနွေးစဉ်။ (မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

တာချီလိတ်မြို့အနီး ရှမ်းရိုးမတောင်တန်းတစ်ခို အောင်မြင်ဖြစ်ထွန်းနေသော ရော်ဘာပင်ပျိုးစိုက်ခင်းများ

သတင်းခရီးသည်
မောင်မောင်မြင့်ဆွေ

ဓာတ်ပုံမှတ်တမ်း
လေးနွယ် (မင်္ဂလာဒုံ)

စာမျက်နှာဖွဲ့စည်းမှု
မိုးမိုးအောင် (မြန်မာ့အလင်း)

တာချီလိတ် ဖေဖော်ဝါရီ ၃

တာချီလိတ်မြို့မှ နံနက်စောစော မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့သည်။ လမ်းဘေး ဝဲယာတစ်လျှောက် စပါးစိုက်ခင်းများကို မျက်စိတစ်ဆုံး မြင်တွေ့ရသည်။ လယ်ယာလုပ်ငန်းခွင်ဝင်နေသူများ၊ လယ်ယာလုပ်ငန်းခွင် ဝင်ရောက်ရန် သွားလာနေကြသူများကို မပြတ်တမ်း တွေ့မြင်ရသည်။ မိမိတို့သတင်းခရီးမှာ တာချီလိတ်မြို့နယ် မိုင်းဖုန်းကျေးရွာအုပ်စုရှိ ဝမ်ဆောက်ခုံရွာအနီး တောင်ကြောပေါ်တွင် စိုက်ပျိုးထားသော ရော်ဘာစိုက်ခင်းဆီသို့ ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ❐

တာချီလိတ်မြို့နယ် မိုင်းဖုန်းကျေးရွာ ဝမ်ဆောက်ခုံရွာအနီး တောင်ကြောပေါ်တွင် ရော်ဘာပင်ပျိုးစိုက်ခင်းနှင့် ငါးနှစ်သားအရွယ် အောင်မြင်ဖြစ်ထွန်းနေသော ရော်ဘာစိုက်ခင်း၏ မြင်ကွင်းက ဤသို့လှပစွာ....။

ဓာတ်ပုံမှတ်တမ်း-လေးနွယ် (မင်္ဂလာဒုံ)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

မဟုတ်မမှန် လုပ်ကြံသတင်းတွေမှန်း သိပါလျက်နဲ့ ပြည်တွင်း ပုဆိန်ရိုးတွေက အကွက်ချ ဖန်တီးပေးပို့နေတဲ့ လီဆယ် လိမ်ညာ သတင်းတွေမှန်း သိပါလျက်နဲ့ အခုလို ပြည်ပအသံလွှင့်ဌာနတွေက သာသာ ထိုးထိုး အဆစ်ထပ်ပိုးပြီး ရွှန်းရွှန်းဝေအောင် အားပါးတရ ထုတ်လွှင့်ပေးနေကြတာဟာ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူကို ခေတ်သစ် ကိုလိုနီ ကျွန်ပြုနိုင်ဖို့အထိ ရေရှည်စီမံချက် နဲ့ ရည်ရွယ်ချက်ရှိရှိ အကွက်ချ ကြံစည် လုပ်ဆောင်နေခြင်းပဲဖြစ်။

သဲတစ်ပွင့်၏ ဆောင်းပါး စာမျက်နှာ ၈ နှင့် ၉

မြန်မာ့အလင်း သတင်းအညွှန်း

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်မှုကြောင့် အီရတ်နှင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေကို စာမျက်နှာ (၄) တွင် ဖော်ပြထားပါသည်။

4-2 (20).pmd 1 2/4/2010, 2:08 AM